# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၃၅၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားများ အင်းလေးဝဲယာ(၂၁)ဌာနသို့ ဒေသစာရီကြွချီ

**ညောင်ရွှေ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဒေသဝဲယာ(၂၁)ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံ ပင့်ဆောင်ပွဲမင်္ဂလာ အခမ်းအနားပထမပိုင်းကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ရုပ်ရှင်တော်မြတ်များ ထာဝရသီတင်းသုံး စံပယ်တော်မူရာ နမ့်ဟူးစံကျောင်းတော်၌ ကျင်းပသည်။

ဦးစွာ မိုင်းသောက်ပထမစာသင်တိုက် ပဓာန နာယက နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များနှင့် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံတို့ အမှူးပြုသော ပရိသတ်

*စာမျက်နှာ ၃ ကော်လံ ၁* ✻



အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားများ အင်းလေးဝဲယာ(၂၁)ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံ ပင့်ဆောင်စဉ်။

### အနောက်တောင် မုတ်သုံလေ ဆုတ်ခွာ

နေပြည်တော် စက်တင်ဘာ ၂၂

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့အလင်း


**ယနေ့** *ဖတ် စ ရာ*

**ခေတ်ရေစီးကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် မြန်မာ့လယ်ယာအနာဂတ်** — ဆောင်းပါး စာ ၆

**နိုင်ငံ့စားရေရိက္ခာ ဖူလုံပိုလျှံဖို့ စပါးစိုက်ယာမြေများကို လယ်မြေအဖြစ်သို့ ပြောင်းလဲစို့** — ဆောင်းပါး စာ ၁၀

**မွန်ဂိုလီးယားနိုင်ငံအနောက်ပိုင်း၌ ပုံမှန်မဟုတ်သည့် နှင်းများ ထူထပ်စွာကျရောက်** — နိုင်ငံတကာသတင်း စာ ၁၄




# တီးတိန်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပြိုင်ပွဲများကျင်းပ

**တီးတိန် စက်တင်ဘာ ၂၂**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တီးတိန်မြို့၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တီးတိန်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က ပြိုင်ပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ မြို့ပေါ်ကျောင်းများဖြစ်သော

*စာမျက်နှာ ၃ ကော်လံ ၅* ○

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်





**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာ အောင်မြင်စွာ ထုတ်ပြန်နိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး(ယာယီ)က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် / မြို့နယ် / ရပ်ကွက် / ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်တို့၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှု၊ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပံ့ပိုးကူညီပေးကြသည့် ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် သန်းခေါင်စာရင်းကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် စာရင်းကောက်ယူခြင်းလုပ်ငန်းများကို လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြားမှ စီမံချက်ပါ သတ်မှတ်အချိန်ဇယားအတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊

ယင်းသို့ ကောက်ယူရရှိသည့် အချက်အလက်များကို အချက်အလက်အသုံးပြုသူများ၊ အစိုးရဌာနအဖွဲ့အစည်းများ လတ်တလော အသုံးပြုနိုင်ရေးအတွက် သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းနောက် စာရင်းဇယားပြုစုခြင်းနှင့် ဆန်းစစ် လေ့လာခြင်းလုပ်ငန်းများနှင့် ပြည်ထောင်စုအစီရင်ခံစာများ ရေးသားပြုစုခြင်းလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုပြုစုပြီး ဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာတွင် လူဦးရေဆိုင်ရာအချက်အလက်များ၊ ပြည်တွင်း/ပြည်ပ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မွေးဖွားခြင်း၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင် သေဆုံးခြင်း စသည့်အကြောင်းအရာများ ပါဝင်ပါကြောင်း၊

ပြည်ထောင်စု အစီရင်ခံစာနှင့်အတူ အချက်အလက်အသုံးပြုသူများ လွယ်လွယ်ကူကူ သိရှိအသုံးပြုနိုင်ရန် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများ အစီရင်ခံစာတို့ကိုပါ တစ်ပါတည်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအစီရင်ခံစာများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုရမည့် လူဦးရေနှင့်လူမှုဘဝဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ကြေညာခြင်းကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပနိုင်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရသည် စာရင်းကောက်ယူနိုင်ခြင်းသာမက သန်းခေါင်စာရင်းအချက်အလက်များကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် စာရင်းအင်းအသုံးပြုသူများ လက်ဝယ်ရောက်ရှိအောင် ပံ့ပိုးပေးနိုင်မှသာ သန်းခေါင်စာရင်း အောင်မြင်သည်ဟု ဆိုနိုင်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ကြေညာမည့် နိုင်ငံတော်အဆင့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစည်းအဝေး တက်ရောက်လာကြသူများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များ၊ အချင်းချင်း ပေါင်းစပ်ဆောင်ရွက်ရမည့် အခြေအနေများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်းနှင့် လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပနိုင်ရေးအခြေအနေနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အဖွဲ့ဝင်များ၊ အခမ်းအနားနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် ဆက်စပ်ဌာနများမှကိုယ်စားလှယ်များက ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့်အခြေအနေ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*✻ ရှေ့ဖုံးမှ*

အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နမ့်ဟူးကျောင်းဆရာတော် ဦးဝိဇယအရှင်မြတ်က မာရ်အောင်မင်္ဂလာဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် တောင်ခြေကျောင်းဆရာတော် ဦးကောဝိဒက ကောင်းတင်းခြိမ့်ညံ ကြွေးကြော်သံဂါထာတော်နှင့် ရွှေညဏ်တော်ဖွင့်ဂါထာတော်များ ရွတ်ဖတ်ပူဇော်ပြီး ဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်များအား အနေကဇာတင်တော်မူကြသည်။

ယင်းနောက် ဧည့်သည်တော်များက ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပြီးနောက် နံနက် ၆ နာရီတွင် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ပြုလုပ်ရာ မိုင်းသောက်ပထမစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ညောင်ရွှေမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာလင်းက ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ အင်းလေးဒေသဝဲယာ(၂၁)ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံပါမည့် အကြောင်း ပင့်ပန်လျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားပြီး ဖောင်တော်ဦးရုပ်ရှင်တော်မြတ်ပထမအဆူကို ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်ကလည်းကောင်း၊ ဒုတိယအဆူကို ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံကလည်းကောင်း၊ တတိယအဆူကို တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းကလည်းကောင်း၊ စတုတ္ထအဆူကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ကျော်ဟန်ကလည်းကောင်း အသီးသီး အစီအစဉ်အတိုင်း ပင့်ဆောင်ပူဇော်ကြသည်။

အဆိုပါ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူတို့အား နံနက် ၇ နာရီတွင် အင်းသားရိုးရာ ဆွဲလှေ ၄၆ စင်းဖြင့် ရေလမ်းခရီး ပင့်ဆောင်ပူဇော်ကြပြီး ကြေးပေါခုံစံ ကျောင်းတော်၌ တစ်ညတာ ကိန်းဝပ်အပူဇော်ခံမည်ဖြစ်ကာ စက်တင်ဘာ ၂၃ ရက်တွင် အင်းတိန်စံကျောင်းတော်မှ ဟဲယာရွာမစံကျောင်းတော်သို့ ဆက်လက်ကြွချီပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

---

*❍ ရှေ့ဖုံးမှ*

အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

**မလိုအပ်သော မီးများကို**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ**

# ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



### အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေး၊ သတင်းနှင့် ပြန်ကြားရေးကဏ္ဍသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်၏ ကာလ (၃)ခုတွင် အဓိကအရေးပါသော ကဏ္ဍဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများနှင့် ချောင်းကူးမြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင် တည်ဆောက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်များကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များ အချိန်မီပေးပို့နိုင်ရေး၊ မှန်ကန်သည့် သတင်းများဖြစ်စေရေးသည် အရေးပါသကဲ့သို့ သတင်းအမှားများကို သိရှိရှောင်ရှားနိုင်ရေးသည်လည်း လွန်စွာအရေးကြီးကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များကို နိုင်ငံပိုင်သတင်းမီဒီယာများ၊ ဆက်သွယ်ရေးကွန်ရက်များကို အသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြ၍ ကြိုတင်ပြင်ဆင်နိုင်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့သည့် သာဓကများရှိခဲ့ကြောင်း။

### မှန်ကန်မြန်ဆန်စွာသိရှိရန်လို

ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် နိုင်ငံတော်က ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်နှင့် မှန်ကန်မြန်ဆန်စွာသိရှိရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူခြင်း၊ တိကျမှန်ကန်သော အချက်အလက်များမြန်ဆန်စွာရရှိခြင်းသည် ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အဓိကကျကြောင်း၊ ယနေ့စကားဝိုင်းဆွေးနွေးပွဲသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အကျိုးရှိသောဆွေးနွေးပွဲတစ်ခုဖြစ်သည့်အတွက် တက်ရောက်လာသူများအနေဖြင့် လေ့လာမှတ်သား၍ ထပ်ဆင့်မျှဝေပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

စကားဝိုင်းဆွေးနွေးပွဲတွင် ဗဟိုစာရင်းအင်းအဖွဲ့၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ခရိုင်ရဲတပ်ဖွဲ့ဝင်မိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

**ပြည် စက်တင်ဘာ ၂၂**

ပြည်ခရိုင်ရဲတပ်ဖွဲ့ဝင်မိသားစုများ အလုပ်အကိုင် အခွင့်အလမ်း ပေါ်ပေါက်လာစေရေး လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ပြည်မြို့ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး နဝင်းရဲရိပ်သာခန်းမ၌ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသထွက်ကုန်ကြမ်းပစ္စည်းများကိုအခြေခံ၍ ဆပ်ပြာဆီ၊ မှန်ကြည်ဆေး၊ ကိုယ်တိုက်ဆပ်ပြာနှင့် Body Scrub ထုတ်လုပ်သည့်နည်းပညာများကို သင်ကြားပေးမည့်အပြင် သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရေး စက်ပစ္စည်းများ အခမဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းမှ ရရှိလာသည့် နည်းပညာများကို ပြန်လည်အသုံးပြုပြီး ဝင်ငွေတိုးတက်ရရှိရေးနှင့် အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းသူနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ **(အောက်ပုံ)** သင်ကြားပေးမည့် ထုတ်ကုန်ပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို နေ့စဉ်အသုံးပြုနေရသည့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးနှင့် MSMEs လုပ်ငန်းရှင်များပေါ်ထွက်လာစေရေး ရဲတပ်ဖွဲ့ဝင် မိသားစု ၂၀ အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဖွင့်လှစ်သင်ကြားခြင်းဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






## အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး အခြေခံစားသောက်ကုန်များ ပေးအပ်

**မုံရွာ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး အခြေခံစားသောက်ကုန်များပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ဆောင်ရွက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကြသည်။

### အာဟာရဖြည့်စွက်စာ ကြက်ဥများပေးအပ်

ဦးစွာ အငြိမ်းစားဝန်ထမ်းများအား နံနက်စာကော်ဖီနှင့် မုန့်များ ဧည့်ခံကျွေးမွေးပြီး အငြိမ်းစားဝန်ထမ်း ၁၃၀၀ ကျော်အတွက် အာဟာရဖြည့်စွက်စာ ကြက်ဥများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အငြိမ်းစားဝန်ထမ်းများအား ဆီးချိုရောဂါ၊ သွေးတိုး၊ အကြောနာ အကြောတက်၊ နှလုံးရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါများ စစ်ဆေးကုသပေးနေမှုနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဟင်္သာတမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ဟင်္သာတ စက်တင်ဘာ ၂၂**

ဟင်္သာတမြို့ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးထင်အောင်ကျော်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက မြန်မာနိုင်ငံသမိုင်းကို လေ့လာခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်အေးအေးမာက လူငယ်တွေစာဖတ်ဖို့ စာကြည့်တိုက်ကိုသွားကြစို့ ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောသည်။

စာဖတ်ရှိန် မြှင့်တင်ရေး လူငယ်အသိပညာပေး ဟောပြောပွဲနှင့် လူငယ်စကားဝိုင်းများအပြင် စာဖတ်ဝိုင်းများ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံပြပွဲများ ပြသပေးခြင်း၊ ကလေးငယ်များ မှတ်ဉာဏ်ဖွံ့ဖြိုးမှု ဂိမ်းကစားခြင်းများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ စာအုပ်စာပေချစ်မြတ်နိုးသူများအဖွဲ့ (Book Club) အဖွဲ့ဝင်များလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်ခြင်းနှင့် တောင်သူတွေ့ဆုံပွဲတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၂**

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်ခြင်းနှင့် တောင်သူတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု မွန်းတည့်ခွင်ကျေးရွာ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ဓာတ်မြေဩဇာ သွင်းအားစုများကို တောင်သူများထံပေးအပ်ပြီး တောင်သူများ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။**(ဓါတ်ပုံ)**

ယင်းနောက် ဇေယျာသီရိမြို့နယ် သစ်တက်ကျေးရွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ဘေး လမ်းဘေးရေမြောင်းများ ရေစီးဆင်းမှု၊ ကျောက်ရောမြေသားလမ်း ခင်းကျင်းဆောင်ရွက်နေမှု၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ အမှိုက်သရိုက်ကင်းစင်ရေးနှင့် သန့်ရှင်းသာယာလှပမှု ရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် လေဆိပ်လမ်းနှင့် ရာဇသင်္ဂဟလမ်းမကြီး လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ထားရှိမှု၊ သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ရာဇသင်္ဂဟလမ်းမကြီးနှင့် သံလွင်လမ်းမကြီးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများကို ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိ ရပ်ကွက် ဝဇိရာနန္ဒ သုဗောဓာရုံကျောင်းတိုက်၊ သာသနာလင်္ကာရ ဗိမာန်တော်ကြီး၌ ကျင်းပသည့် နေပြည်တော် မြို့နယ်လုံးဆိုင်ရာ သာသနာလင်္ကာရ စာမေးပွဲကို ရှင်သာမဏေများဖြေဆိုနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၅) ညှိနှိုင်းအစည်းအဝေးကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၂**

မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၅) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များ တက်ရောက်သည်။

ဦးစွာ မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်မှ သက်ဆိုင်ရာ ခရိုင်/မြို့နယ် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှု ကော်မတီများမှ ပေးပို့တင်ပြခဲ့သည့် အသက် ၁၈ နှစ်နှင့် အထက်ရှိသူများ၏ အတည်ပြုလူဦးရေ စာရင်းကို မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီသို့ ပေးပို့ခဲ့ပြီး ဖြစ်ကြောင်း၊ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စသည့်ဌာနများအနေဖြင့် မြေပြင်သေဆုံးသွားသူ၊ အကြောင်းအမျိုးမျိုးကြောင့် မိမိမြို့နယ်ထဲသို့ ပြောင်းဝင်လာသူ၊ မိမိမြို့နယ်မှ ပြောင်းထွက်သွားသူစာရင်းများကို အချိန်နှင့်တစ်ပြေးညီ တိုက်ဆိုင်စိစစ်ပြီး လက်ရှိအိမ်ထောင်စု လူဦးရေစာရင်းဖြင့် ကိုက်ညီစေရေး စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက်မွန်ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲရင့်ထွန်းက မဲစာရင်းမှန်ကန်စေရေးနှင့် မြေပြင်လူဦးရေစိစစ်အတည်ပြုနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များက မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များပေးအပ်

**လွိုင်ကော် စက်တင်ဘာ ၂၂**

ကယားပြည်နယ်မြန်မာ့စီးပွားရေးဘဏ်(လွိုင်ကော်) ဘဏ်ခွဲ၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာထုတ်ပေးခြင်းကို လစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ပင်စင်လစာထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကြန့်ကြာမှုမရှိစေရေး စနစ်တကျစီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပင်စင်လာရောက်ထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများကို ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များနှင့် ကျန်းမာရေး ဝန်ထမ်းများက အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အထွေထွေရောဂါများ စမ်းသပ်စစ်ဆေး၍ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆန်၊ ဆီ၊ ကြက်ဥနှင့် နေ့လယ်စာများ ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ယနေ့တွင် ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်း ၃၀၀ ကို ဆန်၊ ဆီ၊ ကြက်ဥ စသည့် အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပူတာအိုမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သည့်လယ်ယာမြေကို ကွင်းဆင်းစစ်ဆေး

**ပူတာအို စက်တင်ဘာ ၂၂**

ကချင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၂ ရက်က ပူတာအိုမြို့နယ် မန်စေခွန်ကျေးရွာ အုပ်စုအတွင်း ယခုလဆန်းပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ မြင့်တက်လာပြီး ရေကြီးရေလျှံဖြစ်ပေါ်ခဲ့ရာ အဆိုပါ နမ့်ပလန့်ချောင်းနှင့် ပါတိတ်ချောင်း ရေကြီးရေလျှံမှုကြောင့် မိုးစပါးလယ်မြေများ၊ စိမ့်စမ်းရေသွယ်ပိုက်လိုင်းများနှင့် နမ့်ပလန့်ချောင်းကူး သံကူကွန်ကရစ်တံတား ကမ်းကပ်ခုံပျက်စီးခဲ့မှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်နယ်ဝန်ကြီးသည် ပူတာအိုမြို့နယ် မန်စေခွန်ကျေးရွာ၌ စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပူတာအိုမြို့နယ် မန်စေခွန် ကျေးရွာအုပ်စုအတွင်း နမ့်ပလန့်ချောင်း ရေကြီးရေလျှံမှုကြောင့် မန်စေခွန်မြောက်ကွင်းနှင့် မန်စေခွန်တောင်ကွင်းအတွင်းရှိ မိုးစပါး လယ်ဧက ၁၇၀ ခန့် ပျက်စီးမှု အခြေအနေများ၊ ဆန်ဒမ်းကွင်းနှင့် နမ့်ဟူးနမ့်ကွင်းအတွင်း မိုးစပါးလယ်ဧက ၁၀၀ ခန့် ပျက်စီးမှုအခြေအနေများ၊ မန်စေခွန်ကျေးရွာ၊ နမ်ဖန် (၁) ကျေးရွာနှင့် ဆန်ဒမ်းကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်းတို့မှ နမ့်ပလန့်ချောင်းပေါ် ဖြတ်သန်းသွယ်ယူထားသည့် ရေပိုက်များ ပျက်စီးမှုအခြေအနေများ၊ ပူတာအိုမြို့နယ် နမ့်ပလန့်ချောင်းကူး သံကူကွန်ကရစ်တံတား ကမ်းကပ်ခုံ ထိခိုက် ပျက်စီးခြင်းများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးက သီးနှံလျော်ကြေးရရှိရေး၊ ပျက်စီးသွားသော လယ်ယာမြေများ အစားထိုးဖော်ထုတ်ပေးနိုင်ရေး၊ စိမ့်စမ်းရေပိုက်လိုင်းများ ပြုပြင်ရရှိရေး၊ ထိခိုက်ပျက်စီးသွားသော ကမ်းကပ်ခုံ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြ ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ခေတ်ရေစီးကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် မြန်မာ့လယ်ယာအနာဂတ်

မိုးကေနိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့ကို အလုပ်သဘော ခရီးရောက်ရှိခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့သည် ထိုမြို့တွင်တည်ရှိသော Beidahaung Smart Agriculture Exhibition Center ၌ ပြသသည့် ခေတ်မီဒစ်ဂျစ်တယ် လူမှဲ့နည်းပညာ AI ဉာဏ်ရည်တုစနစ်အသုံးပြု စိုက်ပျိုးရေးပြုပြင်ပြောင်းလဲနေမှုများ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခွင့်ရခဲ့ခြင်းက မိမိနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် အလွန်တန်ဖိုးရှိလှပါသည်။

- မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အဓိကအားထားနေရသည့် နိုင်ငံတစ်နိုင်ငံအတွက်ကော မည်သို့အကဲဖြတ်၍ မည်သို့စဉ်းစားချက်များရှိနိုင်ပါမည်နည်း။ ဆင်းရဲသည့် ဘဝ၊ ဖွံ့ဖြိုးဆဲအနေအထားများမှ ရုန်းကန်တိုးထွက်ပြီး ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အင်အားကြီးအဆင့်တက်လှမ်းနေသည့် အိမ်နီးချင်း တရုတ်နိုင်ငံကြီး၏ ဥပမာက မြန်မာနိုင်ငံအတွက် လေးစားအတုယူစရာဖြစ်
- မည်သို့ဆိုစေ အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားရမည်သာဖြစ်သည်။ သို့သော် လက်ရှိ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်များအရနှင့် ရေရှည်အကျိုးဖြစ်ထွန်းမှုအလားအလာ၊ စဉ်ဆက်မပြတ်တည်တံ့ပြီး အနာဂတ်အလားအလာများအရ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမည်

## စွမ်းဆောင်ရည်နှင့် တိကျသေချာသည့် တရုတ်နိုင်ငံ ခေတ်မီလယ်ယာစနစ်ပြုပြင်ပြောင်းလဲမှု

AI အသုံးပြု ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များက ကမ္ဘာတွင် အလျင်အမြန် တိုးတက်လာနေသည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ပြီး စားရေရိက္ခာဖူလုံရေးမှသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ခေတ်မီသောစိုက်ပျိုးမွေးမြူရေးမှသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအထိ စဉ်းစားတွေးခေါ်ပြီး AI ကို ထိထိရောက်ရောက် အသုံးပြုလာကြသည်ကို တွေ့ရသည်။ AI နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင်သည့် နိုင်ငံများတွင် တရုတ်နိုင်ငံက ရှေ့ဆုံးမှပါဝင်နေသည်။

အကြောင်းမှာ တရုတ်နိုင်ငံ၏တိုးလာမည့် လူဦးရေနှင့် ပါးစပ်ပေါက်များအတွက် Food security ဖြစ်ရန်နှင့် အကန့်အသတ်ရှိလာသော အနာဂတ်လယ်မြေ အနေအထားများကို ကြိုတင်မျှော်မှန်း၍ဖြစ်သည်။ ကမ္ဘာတွင်လည်း ထို့အတူ ၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေက ၉ ဒသမ ၇ ဘီလီယံကို ကျော်သွားမည်ဟု သိရသည်။ ယခုကဲ့သို့ တိုးပွားလာမည့် လူများ၏ စားရေရိက္ခာဖူလုံရေးအတွက် မည်သို့စဉ်းစားကြမလဲ၊ စိုက်ပျိုးမြေတိုးချဲ့ခြင်းကို စဉ်းစားရမည့်အပြင် ရှိပြီးသားစိုက်ပျိုးမြေများကို စွမ်းဆောင်ရည်ရှိရှိ မည်ကဲ့သို့ အသုံးချပြီး မည်သို့တိုးတက်အောင် ထုတ်လုပ်ကြမလဲ။ Efficiency of Land ဖြစ်မှသာလျှင် ထိရောက်အောင်မြင်မည်ဟူသော ယူဆချက်က ပို၍ ခိုင်မာလာသည်။ ဤတွင် Smart agriculture ခေါ် Digital agriculture ဟူ၍ဖြစ်လာပြီး ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုစိုက်ပျိုးရေးနည်းနာများကြောင့် တိကျသေချာပြီး ထိရောက်မှုရှိသော စိုက်ပျိုးထုတ်လုပ်မှု Precision farming အသွင် စိုက်ပျိုးရေးခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်သို့ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရသည်။

## AI ကိုအသုံးချရန် အချိန်ရောက်ပြီလား

AI စနစ်ဆိုသည်မှာ ခေတ်မီဒစ်ဂျစ်တယ် လူမှဲ့ဉာဏ်ရည်တု နည်းပညာတစ်မျိုးပင် ဖြစ်သည်။ တရုတ်နိုင်ငံတွင် ထိုနည်းပညာဖြင့် ဖန်တီးထားသော AI စက်ယန္တရားများက ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းမှုများကို ကောင်းစွာအထောက်အကူပြုနေကြောင်း လေ့လာသိရှိရသည်။ AI ဒရုန်းများဖြင့် မျိုးကြဲပက်ရာတွင်လည်းကောင်း၊ ပိုးသတ်ဆေးဖျန်းရာတွင်လည်းကောင်း အလွန်တွင်ကျယ်နေသကဲ့သို့ လယ်ယာသုံးAI စက်ရုပ်များ အကူအညီဖြင့် ပိုးမွှားအန္တရာယ်နှင့် မြေဆီလွှာအခြေအနေများကို စုံစမ်းဖော်ထုတ်ခွင့်ရရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၌လည်း ယခင်လက စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ဝန်ကြီးဌာနအဆင့် ပညာရှင်များ ဆွေးနွေးကြသည့် အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ သမားရိုးကျစိုက်ပျိုးမွေးမြူရေးမှသည် နည်းပညာအသုံးပြု Agricultural Transformation သို့ ကူးပြောင်းမည့် အစီအစဉ်များသည် မြန်မာနိုင်ငံစိုက်ပျိုးမွေးမြူရေး AI ခေတ်တစ်ခေတ်ဆီ ရောက်ရှိရန် အဆင်သင့်ဖြစ်စေမည့် တပ်လှန့်နှိုးဆော်သံအလား ယူဆမိပါသည်။ သီးနှံ ၁၀ မျိုးတွင် ပထမဆုံး စပါး၊ ထို့နောက် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ မွေးမြူရေးကဏ္ဍတွင်လည်း ကူးစက်တတ်သည့် ရောဂါပိုးမွှားများနှင့် ကုသရေးအပိုင်း၊ ထိုအပိုင်းတွေကို AI နှင့် စတင်မိတ်ဆက်မည့် အစီအမံတချို့ကို ခန့်မှန်းမိသည်။ ထို့ပြင် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် AI စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အပတ်စဉ်ဆွေးနွေးပွဲများကို ပုံမှန်ပြုလုပ်ကြကြောင်းလည်း သိရှိရသည်။

ပြည်တွင်း၌ ထိုကဲ့သို့ အစပျိုးအစီအစဉ်များနှင့်အတူ တရုတ်နိုင်ငံတွင် AI အသုံးပြု၍ စိုက်ပျိုးမွေးမြူရေး တိုးတက်ဖွံ့ဖြိုးမှုများကို နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့၏လေ့လာမှုရလဒ်များမှ နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့် အလားအလာကောင်းများအဖြစ် မြင်မိပါသည်။ အမှန်တကယ်လည်း နည်းလမ်းသစ်များကို ရှာဖွေရမည့် အခြေအနေဖြစ်သည်။ စတုတ္ထစက်မှု AI တော်လှန်ရေးကို အမီလိုက်ပြီး နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးမှာ AI ကို အဓိကမောင်းနှင်အားအဖြစ် အသုံးချရန် အချိန်ရောက်ပြီဟု မြင်ပါသည်။

## အခြေခံအချက်များကို ဖြည့်ဆည်းနိုင်မည့် AI

မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အဓိကအားထားနေရသည့် နိုင်ငံတစ်နိုင်ငံအတွက်ကော မည်သို့အကဲဖြတ်၍ မည်သို့စဉ်းစားချက်များ ရှိနိုင်ပါမည်နည်း။ ဆင်းရဲသည့် ဘဝ၊ ဖွံ့ဖြိုးဆဲအနေအထားများမှ ရုန်းကန်တိုးထွက်ပြီး ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အင်အားကြီးအဆင့် တက်လှမ်းနေသည့် အိမ်နီးချင်းတရုတ်နိုင်ငံကြီး၏ ဥပမာက မြန်မာနိုင်ငံအတွက် လေးစားအတုယူစရာဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း မတည်ငြိမ်မှုအခြေအနေများကြားမှ ကဏ္ဍစုံတွင် ကြိုးစားဖြေရှင်းနေရသည့် အခြေအနေဖြစ်သည်။

စိုက်ပျိုးထုတ်လုပ်မှုမှသည် GDP တိုးတက်ပြီး အလုပ်အကိုင်ဖန်တီးနိုင်မှုနှင့် စီးပွားရေးကို အထောက်အကူပြုသည့် ပြည်ပတင်ပို့မှုအထိ ရည်မှန်း၍ ကြိုးစားဆောင်ရွက်နေမှု (Economic Contribution)၊ လုံလုံလောက်လောက် စိုက်ပျိုးထုတ်လုပ်ပြီး အာဟာရပြည့်ဝမှုနှင့် ပြည်တွင်းစားရေရိက္ခာဖူလုံမှု (Food security)၊ ကျေးလက်အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူများ အသက်မွေးဝမ်းကျောင်းအဆင်ပြေလာနိုင်မှု (Rural development)၊ စိုက်ပျိုးမြေကို အသုံးချရာတွင် ဂေဟစနစ်ကို မထိခိုက်စေဘဲ သဘာဝပတ်ဝန်းကျင်ကိုပါ စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် (Environmental management)များအထိ ရည်မှန်းချက်များထားရှိပါသည်။ တရုတ်နိုင်ငံက စိုက်ပျိုးမွေးမြူရေးကို တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထိုအချက်များတွင် အောင်မြင်မှုများရှိနေကြောင်း လေ့လာသိရှိရသည်။ ယခုလိုဆောင်ရွက်ရာ၌ AI စနစ်များ၊ သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများက ကောင်းစွာအထောက်အကူပြုနေကြောင်းလည်း သိရှိရသည်။

မြန်မာနိုင်ငံ၌လည်း ရာသီဥတုများပြောင်းလဲလာမှု၊ ရေလိုအပ်ချက် များပြားလာမှု စသည့် အကြောင်းကြောင်းများကြောင့် လယ်ယာလုပ်ငန်းခွင်ကို စွန့်ခွာပြီး လယ်ယာလုပ်သားရှားပါးလာမှုပြဿနာများကို ကြိုးစားဖြေရှင်းနေရသည်။ လယ်ယာလုပ်သားရှားပါးမှုနှင့် ပတ်သက်၍ အဓိကအကြောင်းရင်းက မိမိလယ်ယာမြေကို စွန့်ခွာမှုက အဓိက အကြောင်းရင်း ဖြစ်နေသည်။ မည်သည့်အတွက်ကြောင့် စွန့်ခွာကြသလဲ၊ မြို့ပြ/ နိုင်ငံရပ်ခြားသို့ အခြားအလုပ်အကိုင်များ ပြောင်းရွှေ့လုပ်ကိုင်ကြခြင်း၊ လယ်ယာခွင်အပေါ် စိတ်ဝင်စားမှုနည်းလာခြင်း၊ စိုက်ပျိုးရေရရှိမှုနှင့် စိုက်ပျိုးမြေအနေအထားများ ပြောင်းလဲလာခြင်း၊ ကျေးလက်အခြေခံအဆောက်အအုံများ လိုအပ်ချက်၊ ကျန်းမာရေး၊ ပညာရေးမှအစ အကျိုးအမြတ်အထိ အကြောင်းရင်း အမျိုးမျိုးရှိကြသည်။ ထို့ကြောင့် စက်မှုလယ်ယာကဏ္ဍမှ ခေတ်မီနည်းစနစ်များအထိ မည်ကဲ့သို့သွားသင့်သလဲ စသည့် အခြေအနေများကို ပြီးခဲ့သည့်နှစ်က ဖွံ့ဖြိုးမှု မဟာဘာသာရပ်သင်တန်းတက်ရောက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ သုတေသနစာတမ်းတစ်ခုတွင် ဖော်ထုတ်ချက်များအရလည်း တစ်စိတ်တစ်ပိုင်း အကဲဖြတ်နိုင်ခဲ့သည်။

## စွမ်းဆောင်ရည်နှင့် တိကျသေချာမှု အပိုင်းမှာ

ထိုအခြေအနေများအရနှင့် ကမ္ဘာ့တိုးတက်ပြောင်းလဲမှုများနှင့်အညီ AI ကို မြန်မာ့အနာဂတ်စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် အားထားရန်သင့်သည့်အပြင် နည်းသစ်များကိုလည်း ဆက်လက်ရှာဖွေနေရမည်ဟုမြင်ပါသည်။ ရေတိုတွင် အခက်အခဲနှင့် စိန်ခေါ်မှုများရှိမှာ သေချာသော်လည်း ကျော်လွှားနိုင်သမျှကျော်လွှားကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်ကြိုးစားပြီး ရေရှည်တွင် ဘက်စုံအကျိုးအမြတ်များအထိ ကြည့်၍ ထိရောက်အောင်ဆောင်ရွက်သင့်ပါသည်။ သွင်းအားစုများဖြစ်သည့် ရေ၊ မျိုးစေ့၊ မြေသြဇာကို အပိုအလိုမရှိ နည်းနိုင်သမျှနည်းအောင် AI အကူအညီဖြင့် စီမံခြင်းဖြင့် စွမ်းဆောင်ရည်ပိုကောင်းအောင်၊ ပို၍ တိကျသေချာစေအောင် ဆောင်ရွက်နိုင်သွားမည်လား စဉ်းစားရပါမည်။

စိုက်မြေစိုထိုင်းဆ၊ အာဟာရနှင့် ရာသီဥတုအခြေအနေကို AI က ခွဲခြမ်းစိတ်ဖြာပေးနိုင်သည်ဟု ဆိုပါသည်။ သို့ဆိုလျှင် AI ကြောင့် စိုက်ပျိုးရေးသွင်းအားစုများကို လျှော့ချပေးပြီး သီးနှံအထွက်နှုန်းကို မြှင့်တင်ပေးနိုင်မလား၊ စိုက်ခင်း၌ မည်သည့်ပိုးမွှားများကျရောက်ပြီး မည်သည့်ရောဂါများဖြစ်နေသလဲ၊ ပိုးမွှားနှင့် သီးနှံရောဂါများအတွက် ကြိုတင်ကာကွယ်နိုင်မလား၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း လျှော့ချပေးနိုင်မလား၊ မြန်မာတောင်သူများ၏ သမားရိုးကျ အတွေ့အကြုံများနှင့် ခေတ်မီနည်းစနစ်များကို ပေါင်းစပ်၍ စဉ်းစားဆောင်ရွက်နိုင်ကြလျှင် ပိုပြီး အောင်မြင်မှုရှိမည်ဟုလည်း ယူဆပါသည်။

ခေတ်ရေစီးကြောင်းအတိုင်း AI Application ထည့်သွင်းထားသည့် စမတ်ဖုန်းများ ဖြစ်လာကြသည်။ တရုတ်တောင်သူများက AI စမတ်ဖုန်းများဖြင့် စိုက်ခင်းသီးနှံပုံရိပ်များ ရိုက်ကူးပြီး ရရှိလာသည့် သီးနှံနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အကောင်းဆုံးအသုံးချကာ အကျိုးဖြစ်ထွန်းအောင်ဆောင်ရွက်ရာတွင် ထိပ်တန်းရောက်နေပြီဖြစ်ကြောင်း သိရှိရသည်။ AI မှ ရရှိသည့် စိုက်ပျိုးရေးဆိုင်ရာ၊ ရာသီဥတုဆိုင်ရာ အချက်အလက်များကြောင့် သီးနှံအထွက်နှုန်းကို ခန့်မှန်းလာနိုင်ကြသည့်အပြင် ရောင်းလိုအား၊ ဝယ်လိုအား ဈေးကွက်အနေအထားမှအစ AI က တွက်ချက်ပေးနိုင်သည်ဟု သိရှိရသည်။ ရလဒ်က စိုက်ပျိုးရေးလယ်ယာခွင်မှသည် ဈေးကွက်နှင့် ထောက်ပံ့ရေးကွင်းဆက် (Supply chain ) ပိုမိုကောင်းမွန်အောင် ချိတ်ဆက်လာနိုင်ခြင်းပင်ဖြစ်သည်။

ရာသီဥတု သတင်းအချက်အလက်များကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်သည့် သီးနှံအမျိုးအစားကိုပင် ပြောင်းလဲစိုက်ပျိုးနိုင်ကြသည်။ တရုတ်စိုက်ပျိုးရေးကုမ္ပဏီများ၊ လယ်သမားအစုအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်လုပ်ငန်းရှင်များက AI အပြင် စိုက်ပျိုးရေးသုံးစက်ရုပ်၊ ဒရုန်းများမှ ရရှိသည့် ကိန်းဂဏန်း သတင်းအချက်အလက်များကိုပါ ပေါင်းစပ်သုံးစွဲနေကြကြောင်း လေ့လာသိရှိရပါသည်။ နောက်တစ်ချက်က တရုတ်နိုင်ငံ၏ ခေတ်မီလယ်ယာတော်လှန်ရေး မော်ဒယ်တွင် မပါမဖြစ်ပါရှိသည့်စနစ်တစ်ခုက Smart Irrigation ဟု ခေါ်သည့် ခေတ်မီရေသွင်းရေလောင်းစနစ်ဖြစ်သည်။ ဤစနစ်တွင် အလိုအလျောက် ရေကို စီမံခန့်ခွဲပြီး ရေဖျန်းခြင်း၊ ရေသွင်းခြင်းအပြင် မြေထုစိုထိုင်းဆနှင့် ပါဝင်သည့် အာဟာရကို တိုင်းတာတွက်ချက်နိုင်သည့် စနစ်များပါဝင်သည်ဟု ဆိုပါသည်။

AI အသုံးပြု စိုက်ပျိုးရေးနယ်ပယ်၌ အထူးသဖြင့် မြန်မာ့လယ်ယာကဏ္ဍတွင် အခက်အခဲများ၊ စိန်ခေါ်မှုများက မလွဲမသွေရှိမည်မှာ သေချာပါသည်။ လျှပ်စစ်မီးနှင့်

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၉၆ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## မူဆယ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အသိပညာပေး

**မူဆယ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၌ ခရိုင်/မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) စနစ်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အသိပညာပေးဆောင်ရွက်ခြင်းကို



ယနေ့မွန်းလွဲပိုင်းက မူဆယ်မြို့ စွမ်စော်ရပ်ကွက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇာနည်မြင့်ထွန်းက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းပြီး မဲဆန္ဒရှင်ပြည်သူများကိုယ်တိုင် စနစ်တကျ မဲပေးပုံအဆင့်ဆင့်ကို ရှင်းလင်းခဲ့သည်။ ယင်းနောက် တက်ရောက်လာသော မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်အသီးသီးတွင် ကိုယ်တိုင်မဲပေးခြင်းကို လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် ခရိုင်အဆင့်/ မြို့နယ်အဆင့် ကော်မရှင် အဖွဲ့ဝင်များ၊ ရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

## မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**ကိုကိုးကျွန်း စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ကိုကိုးကျွန်းမြို့နယ်ရှိ မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးခြင်းများ ဆောင်ရွက်ရာတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးငြိမ်းဝေယံဟိန်းက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)၏ လုပ်ဆောင်ချက်များနှင့် ကိုင်တွယ်အသုံးပြုခြင်းနည်းလမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသောမဲဆန္ဒရှင်များက လက်တွေ့စမ်းသပ်မဲပေးကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**





## တောင်ငူပညာရေးဒီဂရီကောလိပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**တောင်ငူ စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ တောင်ငူမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက တောင်ငူပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူပညာရေးဒီဂရီကောလိပ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အဖွဲ့၊ ဒုတိယဦးစီးမှူး ဒေါ်စိမ်းမို့မို့တို့က မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ မဲပေးခြင်းနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၀၀ ခန့်က မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးကြသည်။ ထို့နောက် မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

အင်တာနက်ရရှိမှုအနေအထား၊ တောင်သူအများစုကြုံတွေ့ရမည့် ဒစ်ဂျစ်တယ်နှင့် AI နည်းပညာနှင့် အသစ်အဆန်း( Digital AI Literacy)၊ ရင်းနှီးမြှုပ်နှံမည့် ကုန်ကျစရိတ်ပမာဏ၊ ထိန်းသိမ်းစောင့်ရှောက်ရမှုစသည့် နယ်ပယ်များတွင်ဖြစ်သည်။ ထို့ပြင် AI တွင် ထည့်သွင်းထားသည့် Data များ မှန်ကန်မှုမရှိက ထွက်လာသည့် အချက်အလက်များလည်း မှားယွင်းနိုင်သည်။

မည်သို့ဆိုစေ အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားရမည်သာဖြစ်သည်။ သို့သော် လက်ရှိမြန်မာ့စိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်များအရနှင့် ရေရှည်အကျိုးဖြစ်ထွန်းမှု အလားအလာ၊ စဉ်ဆက်မပြတ်တည်တံ့ပြီး အနာဂတ်အလားအလာများအရ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမည်ဟုသာ မြင်ပါသည်။ လယ်ယာလုပ်သားရှားပါးသည့် အခြေအနေတွင် အလုပ်သမားကုန်ကျစရိတ်နှင့် လုပ်အားခလျှော့ချလာနိုင်မည့်၊ စိုက်ပျိုးရေ ရှားပါးသည့် အခြေအနေ၌ ရေကိုချွေတာနိုင်မည့် အားသာချက်များကို မြင်ရပါသည်။ မြေဆီလွှာပါဝင်မှုနှင့် အာဟာရကိုတွက်ချက်နိုင်ခြင်း၊ ရာသီဥတုကို ခန့်မှန်းနိုင်ခြင်းများကြောင့် သွင်းအားစု အရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် ပိုမိုအားကောင်းသွားစေမည်။

ထို့အပြင် မိမိတို့ လက်ရှိ နေထိုင်သည့် ကမ္ဘာမြေကြီးကိုလည်း ပို၍ ကျန်းမာသန်စွမ်းသွားစေမည်။ စောင့်ကြည့်နှင့် ထိန်းချုပ်စနစ် အားသာချက်များကြောင့်လည်း သီးနှံဆုံးရှုံးမှုကို လျှော့နည်းစေပြီး အထွက်နှုန်းတိုးစေသည့် မက်လုံးက လက်ရှိလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့်အချက်များပင်ဖြစ်သည်။ သို့သော် AI စိုက်ပျိုးရေးနှင့် ပတ်သက်သည့် သုတေသနများကိုမူ ဆက်လက်ပြုလုပ်ရမည်ဖြစ်သည်။ အချို့နေရာများတွင် Pilot project များဖြင့် အစပျိုးထားသင့်သည်။ တောင်သူများကို နည်းပညာကျွမ်းကျင်မှုသင်တန်းများ ပြုလုပ်ပေးရမည်။

နောက်ဆုံးဖြစ်သော်လည်း အရေးကြီးသော အချက်တစ်ခုက ရှိပါသေးသည်။ ပြုပြင်ပြောင်းလဲမှုအသစ်အသစ်တိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းရန် လိုအပ်သည်ဆိုသောအချက်ပင်။ အားလုံး၏ လိုလိုလားလား စိတ်ဝင်တစားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အောင်မြင်မှုတိုင်း၏ အဓိကအချက်တစ်ခုအဖြစ် ပါဝင်နေသောကြောင့် ဖြစ်ပါသည်။ ။

# မြန်မာ့လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းတို့၏ ၂၀၂၆ ဖူဆယ် အာရှဖလားခြေစစ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းတို့၏ ၂၀၂၆ ဖူဆယ်အာရှဖလားခြေစစ်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏအားကစားကွင်းဝန်းအတွင်း (ယာပုံ) ... ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (ယာပုံ)





**အနိုင်ရရှိ**

ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းတို့ အကြိုတ်အနယ်ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းက ခုနစ်ဂိုး -သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ယှဉ်ပြိုင်ကစားရမည်**

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ၂၀၂၆ ဖူဆယ်အာရှဖလား ခြေစစ်ပွဲစဉ်အုပ်စု(ဇ) တွင် မော်လ်ဒိုက်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။


**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၉-၂၀၂၅ ရက်နေ့မှ ၂၄-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၅-၉-၂၀၂၅ ရက်နေ့မှ ၂၆-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ဝ၆၇-၃၄၀၄၉၁၁၊ ဝ၆၇-၃၄၀၄၉၂၂၊ ဝ၆၇-၃၄၀၄၉၃၃၊ ဝ၆၇-၃၄၀၄၉၄၄၊ ဝ၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅ဝ၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ဝ၆၇-၄၅၅ဝ၄၈၈၊ ဝ၆၇-၄၅၅ဝ၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅ဝ၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ဝ၉-၃၄၉ဝ၃၅၅၃၄၊ ဝ၉-၃၄၉ဝ၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ဝ၉-၃၄၉ဝ၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ဝ၉-၃၄၉ဝ၁၅၈၄၇၊ ဝ၉-၃၄၉ဝ၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၁ဝဝ၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ဝ၅၈-၂ဝ၂၄၅၃ဝ၊ ဝ၅၈-၂ဝ၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၆၉၁၁၁၉၁ဝ

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ဝ၇ဝ-၂ဝ၂၂၃၆၈၊ ဝ၇ဝ-၂ဝ၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၈၉ဝ၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ဝ၇၁-၂ဝ၃၂ဝ၉၁၊ ဝ၇၁-၂ဝ၃၂ဝ၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅ဝ၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ဝ၅၉-၂ဝ၂၄ဝ၃၇၊ ဝ၅၉-၂ဝ၂၄ဝ၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅ဝ၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ဝ၅၂-၂၂ဝ၁၉၃၉၊ ဝ၅၂-၂၂ဝ၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅ဝ၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ဝ၆၃-၂ဝ၂၈၈၇၈၊ ဝ၆၃-၂ဝ၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅၁ဝ

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ဝ၂-၄ဝ၂၁၂၄၅၊ ဝ၂-၄ဝ၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ဝ၅၇-၂ဝ၂၇၉၃၅၊ ဝ၅၇-၂ဝ၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ဝ၉-၂၅၅ဝဝ၂၅၁၇၊ ဝ၉- ၂၅၅ဝဝ၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ဝ၁-၈၃ဝဝဝ၁၆၊ ဝ၁-၈၃ဝဝဝ၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ဝ၈၁-၂၁၂၄၅၄ဝ၊ ဝ၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ဝ၄၂-၂ဝ၂၅၉၉၃၊ ဝ၄၂-၂ဝ၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ဝ၉-၂၅၅ဝဝ၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# စုစည်းမှု ပန်းချီ

❖ နိမ့်တုံမြင့်တုံ၊ လှိုင်း၏ပုံသို့
စုံပြိုင်ခြံလွှမ်း၊ တောင်စဉ်တန်းတည့်
စိမ့်စမ်းရစ်ခွေ၊ သာမောပေစွ
ရွှေငွေပင်ယှက်၊ မြေဆီညက်၍
တွင်းထွက်စုံစွာ၊ တောင်သေလာကို
ဒေဝါနတ်မင်း စုတ်ချက်တင်လည်း
တင်သည့်စုတ်ချက်၊ သည်တစ်ကွက်ထဲ
အသက်မဝင် နိုင်ပါသေး။

❖ ညီညာပြန့်ပြန့်၊ သင်ဖြာပြန့်သို့
မြေပြန့်လွင်ပြင်၊ ရပ်ဝန်းပင်တည့်
ရေလျဉ်ဖြတ်ဆင်း၊ ရွှေမည်းတွင်းနှင့်
မြစ်မင်းစုန်ဆန်၊ ဆည်တမံနှင့်
ကျောင်းကန်ဘုရား၊ လမ်းတံတားကို
နတ်များစီရင်၊ စုတ်ချက်တင်လည်း
တင်သည့်စုတ်ချက်၊ သည်တစ်ကွက်ထဲ
အသက်မဝင် နိုင်ပါသေး။

❖ ကုန်းနှင့်ရေ ကပ်၊ ဂဟေစပ်သို့
နှစ်ရပ်သွယ်တန်း၊ ကမ်းရိုးတန်းတည့်
သောင်ကမ်းလွလွ၊ ကျွန်းရံခ၍
ပုလဲဥဖွေး၊ ခတ်ငွေ့ပေးသော
သက်သွေးပင်လယ်၊ ရေထွက်ကြွယ်ကို
တက်နယ်သိကြား၊ စုတ်ကစားလည်း
ပုံကားညံ့လျက်၊ သည်တစ်ကွက်ထဲ
အသက်မဝင် နိုင်ပါသေး။

❖ တစ်ကွက်စီခွဲ၊ နတ်ပင်ဆွဲလည်း
အမြဲလစ်ဟာ၊ လိုနေပါ၏
လက်ရာမသင့်၊ ဆေးမှုန်လွင့်၏
"ကုန်းမြင့်တောင်တန်း၊ မြေချိုင့်ဝှမ်းနှင့်
ကမ်းရိုးရေပြာ"၊ သုံးကွက်ပါမှ
သာမန်လူသား၊ ဆွဲသည်ထားဦး
ကားချပ်ပန်းချီ၊ နတ်မမီတည့်
စုံညီပြည့်ဝ၊ လှလည်းလှ၍
အသက်လည်းဝင်၊ မည်သူယှဉ်အံ့
ကြန်အင်စုံသော ပန်းချီကား။
စုစည်းနေသော ပြည်ထောင်ဘွား။
ဘယ်သောခါမှ ခွဲမသွား။
ပြည်ထောင်စု၏ အလှတရား။ ။

*ကို (တက္ကသိုလ်)*

## (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်



**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၅ ခုနှစ်၊ (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသား/ အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နဝဒေးအားကစားရုံ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အဖွင့်ပွဲစဉ်များဖြစ်သည့် အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲနှင့် အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။(ဝဲပုံ)

**ကျင်းပပြုလုပ်သွားမည်**

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲတွင် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ စွမ်းရည်ပြပြိုင်ပွဲစသည့် အမျိုးအစား ငါးမျိုးပါဝင်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် အောက်တိုဘာ ၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(အငြိမ်းစား)၊ တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(အငြိမ်းစား)ကအမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။**(ယာပုံ)** **သတင်းစဉ်**





မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်း ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-MFF

❖ *ကျောဖုံးမှ*

အခွင့်အရေးများနေသော်လည်း နောက်ပွဲတွင် ရလဒ်ကောင်းရန် လိုနေဆဲဖြစ်သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရနေပြီး ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်သွင်းကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မော်လ်ဒိုက်အသင်းသည် ပွဲအစပိုင်းတွင် ချေပဂိုးနှစ်ကြိမ်လိုက်သွင်းကာ နှစ်ဂိုးစီသရေအထိ ကစားနိုင်သော်လည်း နောက်ပိုင်းတွင် ဂိုးများဆက်တိုက်ပေးခဲ့ရခြင်းဖြစ်သည်။ ပထမပိုင်းတွင် မြန်မာအသင်းအတွက် ဂိုးများကို နှစ်မိနစ်နှင့် ၁၈ မိနစ်တွင် ငြိမ်းမင်းစိုး၊ ၅ မိနစ်တွင် မင်းခန့်သူ၊ ခုနစ်မိနစ်တွင် နိုင်လင်းထွန်းကျော်၊ ၁၅ မိနစ်တွင် အောင်ဇင်ဦးတို့က သွင်းယူသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့ပြီး ၂၂ မိနစ်တွင် မျိုးမြင့်စိုးနှင့် ၂၈ မိနစ်တွင် အောင်ဇင်ဦးတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

ခြေစစ်ပွဲ အုပ်စု(H)တွင် အာဖဂန်နစ္စတန်နှင့် မြန်မာအသင်းတို့က တစ်ပွဲကစား သုံးမှတ်စီရထားပြီး မော်လ်ဒိုက်အသင်းမှာမူ ပွဲကုန်နှစ်ပွဲကစား အမှတ်မရခဲ့ပေ။ ခြေစစ်ပွဲကို အုပ်စု ရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး ခုနစ်သင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် စက်တင်ဘာ ၂၄ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# နိုင်ငံ့စားရေရိက္ခာ ဖူလုံပိုလျှံဖို့ စပါးစိုက်ယာမြေများကို လယ်မြေအဖြစ်သို့ ပြောင်းလဲစို့

မောင်ကြေးမြေ

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်ကြကာ ဆန်စပါးသည် နိုင်ငံသားများ၏ အဓိက စားသုံးသီးနှံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဧရိယာအကျယ်အဝန်း ၁၆၇၁၈၅၈၂၄ ဧက ရှိသည့်အနက် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီကုန်၌ စိုက်ပျိုးမြေဧရိယာတည်ရှိမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | စိုက်ပျိုးမြေ အမျိုးအစား | တည်ရှိဧရိယာ (ဧက) | စိုက်ပျိုးမြေ၌ ပါဝင်မှု ရာနှုန်း | နိုင်ငံဧရိယာတွင် ပါဝင်မှု ရာနှုန်း |
|---|---|---|---|---|
| ၁ | လယ်မြေ | ၁၅,၃၃၄,၀၅၂ | ၄၉.၅၁ | ၉.၁၇ |
| ၂ | ယာမြေ | ၉,၈၁၆,၂၀၀ | ၃၁.၇ | ၅.၈၇ |
| ၃ | ကိုင်း/ကျွန်းမြေ | ၁,၃၀၂,၆၇၇ | ၄.၂၁ | ၀.၇၈ |
| ၄ | ဥယျာဉ်မြေ | ၄,၀၂၂,၅၈၉ | ၁၂.၉၉ | ၂.၄၁ |
| ၅ | ဓနိမြေ | ၁၀၁,၅၀၈ | ၀.၃၃ | ၀.၀၆ |
| ၆ | တောင်ယာမြေ | ၃၉၁,၉၃၇ | ၁.၂၇ | ၀.၂၃ |
| | **ပေါင်း** | **၃၀,၉၆၈,၉၆၃** | **၁၀၀.၀၀** | **၁၈.၅၂** |

**စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရန် ဆောင်ရွက်**

စပါးစိုက်ပျိုးသည့် လယ်ယာမြေများ လျော့ပါးပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံအတွင်းရှိ စပါးစိုက်လယ်မြေအပါအဝင် စိုက်ပျိုးမြေများ လျော့နည်းပျက်စီးဆုံးရှုံးမှု မရှိစေရန်အတွက် ခေတ်အဆက်ဆက် အစိုးရများက ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးမြေများ အထူးသဖြင့် စပါးစိုက်လယ်မြေများ လျော့နည်းပျက်စီးမှု မရှိစေရေးအတွက် အထူးအလေးထား စိစစ်ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သီးနှံအထွက်နှုန်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် စပါးအပါအဝင် အဓိကသီးနှံ ၁၃ မျိုးကို ရည်မှန်းချက်ပန်းတိုင် အထွက်နှုန်းများ သတ်မှတ်၍ နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယနေ့ခေတ်ကမ္ဘာကြီးတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးယိုယွင်းလာသဖြင့် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ရေ၊ မြေ သဘာဝအနေအထား ပြောင်းလဲယိုယွင်းပျက်စီးမှုများ၊ သဘာဝဘေးဒဏ်ကျရောက်ခြင်းများကြောင့် စိုက်ပျိုးမြေ ထိခိုက်လျော့နည်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာကြီးအတွင်းမှ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အဆိုပါဖြစ်စဉ်များကို နှစ်စဉ်နှစ်တိုင်း အနည်းနှင့်အများ တွေ့ကြုံခံစားနေရလျက်ရှိပါသည်။

ရာသီဥတု ဖောက်ပြန်မှုနှင့် သဘာဝဘေးဒဏ်များကြောင့် လယ်ယာမြေများ ထိခိုက်ပျက်စီးပြီး နိုင်ငံ၏ စားရေရိက္ခာဖူလုံမှုကို ထိခိုက်လာနိုင်သည့်အတွက် နိုင်ငံ၏ စားရေရိက္ခာ ဖူလုံပိုလျှံမှုရှိစေရန်အတွက် စပါးအထွက်နှုန်း တိုးတက်မြင့်မားရေးနှင့် စပါးစိုက် လယ်ယာမြေများ တိုးပွားများပြားလာစေရေးကို ကြံ့ဆကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

တစ်ချိန်က ရေလိုအပ်ချက်နည်းသည့် ယာသီးနှံနှင့် ယာစပါးတို့သာ စိုက်ပျိုးနိုင်သည့် ယာမြေဧရိယာများတွင် နိုင်ငံတော်မှဆည်မြောင်း၊ တာတမံများ တည်ဆောက်ပေးခြင်း၊ မြေအောက်ရေတူးဖော်၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ မြစ်ချောင်းများမှရေတင်၍ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကြောင့် စပါးစိုက်ပျိုးရန် အခြေအနေပေးလာသဖြင့် စပါးစိုက်ပျိုးလုပ်ကိုင်မှုများရှိနေ၍ အဆိုပါယာမြေများသည် လယ်မြေအဖြစ် ပြောင်းလဲနိုင်သည့်အခြေအနေများ ရှိနေသည်ကို တွေ့ရှိရပါသည်။

**ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲ**

စားရေရိက္ခာ ဖူလုံပိုလျှံစေရေးအတွက် စပါးစိုက်လယ်မြေများ တိုးပွားများပြားလာရေး ဆောင်ရွက်ရာတွင် မြေမျက်နှာပြင် အနေအထားအရလည်းကောင်း၊ စိုက်ပျိုးရေရရှိနိုင်သည့် အနေအထားအရလည်းကောင်း လယ်မြေအဖြစ် ဖော်ထုတ်ဆောင်ရွက်သွားနိုင်သည့် ယာမြေများ ရှိနေသဖြင့် အဆိုပါယာမြေများကို လယ်မြေအဖြစ် ဦးစားပေး ပြောင်းလဲဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များအား တောင်သူများမှ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ **"လယ်မြေဆိုသည်မှာ သဘာဝအရသော်လည်းကောင်း၊ လူတို့ ဖန်တီးသောနည်းလမ်းအရသော်လည်းကောင်း စိုက်ပျိုးရေရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံ အဓိက စိုက်ပျိုးသောမြေကိုဆိုသည်"** ဟု ပြဋ္ဌာန်းထားပါသည်။

လယ်မြေအဖြစ် ပြောင်းလဲမှုပြုနိုင်သည့် ယာမြေများကို အောက်ပါအတိုင်း အပိုင်း သုံးပိုင်းဖြင့် စိစစ်တွေ့ရှိရပါသည်-

(က) မြေမျက်နှာပြင် ညီညာပြန့်ပြူးပြီး ဆည်/တာတမံရေသောက်၊ မြစ်ရေတင်/ မြေအောက် ရေသောက် ဧရိယာများအတွင်းရှိ စပါးစိုက်ပျိုးမှုပြုနိုင်သည့် မည်သို့မျှ ပြုပြင်ဆောင်ရွက်ရန် မလိုအပ်သော ယာမြေများနှင့် မြေမျက်နှာပြင် ညီညာပြန့်ပြူးပြီး မိုးရေဖြင့်ပင် မိုးစပါးကောင်းမွန်စွာ စိုက်ပျိုးနိုင်သည့် မည်သို့မျှ ပြုပြင်ဆောင်ရွက်ရန် မလိုအပ်သော ယာမြေများ၊

( ခ ) ကန်သင်းများ အခိုင်အမာဖြစ်အောင် ပြုပြင်ဆောင်ရွက်ပေးခြင်း၊ လယ်ကြားမြောင်း၊ ရေရယူသည့်မြောင်းများ ဖော်ထုတ်ပေးခြင်း လုပ်ငန်းများကို ဘဏ္ဍာငွေကြေး အနည်းငယ် အကုန်အကျခံဆောင်ရွက်ရုံဖြင့် လယ်မြေအဖြစ် ပြောင်းလဲနိုင်သော မြေမျက်နှာပြင် ညီညာပြန့်ပြူးမှုရှိပြီး ဆည်/တာတမံရေသောက်၊ မြစ်ရေတင်/ မြေအောက် ရေသောက်ဧရိယာအတွင်းရှိ ယာမြေများနှင့် မိုးရေဖြင့်ပင် စပါးကောင်းစွာ စိုက်ပျိုးနိုင်သည့် ယာမြေများ၊

( ဂ ) မြေမျက်နှာပြင် ညီညာပြန့်ပြူးစေရန်နှင့် နိမ့်မြင့် (Level) ညီစေရန် မြေညှိပေးခြင်းနှင့် အစဉ်အမြဲ ကန်သင်းများအဖြစ် အခိုင်အမာတည်ရှိအောင် ဖော်ဆောင်ပေးခြင်း၊ ရေသွင်းမြောင်း၊ ရေယူမြောင်းများ ဖော်ထုတ်ပေးခြင်းတို့ကို ထိုက်သင့်သည့် ဘဏ္ဍာငွေကြေးကျခံ ဆောင်ရွက်ပေးရုံဖြင့် လယ်မြေအဖြစ်သို့ ပြောင်းလဲနိုင်သော မြေမျက်နှာပြင် အနိမ့်အမြင့် ၂၀ ဒီဂရီနှင့်အောက်ရှိ ယာမြေများ။

**အကျိုးကျေးဇူးများ ရရှိနိုင်**

အထက်ဖော်ပြပါ ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်-

(က) မြေအစိုဓာတ်နှင့် ရေထိန်းသိမ်းနိုင်စွမ်းအား ကောင်းမွန်လာခြင်း၊

( ခ ) သွင်းအားစုဖြစ်သည့် မြေဩဇာကျွေးသည့်အခါတွင်လည်း စပါးပင်မှ ထိရောက်စွာစုပ်ယူနိုင်ခြင်း၊ မြေဩဇာအလေအလွင့်ဖြစ်မှု လျော့နည်းစေခြင်း၊

( ဂ ) ရေလုံလောက်စွာရရှိခြင်းနှင့် အာဟာရဓာတ် လုံလောက်စွာရရှိသည့်အတွက် အထွက်နှုန်းပိုမိုမြင့်မားလာစေခြင်း၊

(ဃ) လယ်ကွက်များ၌ ကန်သင်းဖော်ထားခြင်းနှင့် တမန်းညှိထားခြင်းကြောင့် မြေဆီလွှာတိုက်စားမှု လျော့နည်းစေခြင်း၊

( င ) ပေါင်းမြက်နှိမ်နင်းရန် လွယ်ကူခြင်း၊ ရေလှောင်နိုင်ခြင်းကြောင့် အချို့သော ပေါင်းများအား ရေလှောင်၍ နှိမ်နင်းနိုင်ခြင်း၊

( စ ) မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ ကောင်းမွန်စေခြင်းနှင့် သဘာဝမြေဩဇာများ ထည့်သွင်းရာတွင် ပိုမိုထိရောက်စေခြင်း၊

(ဆ) စပါးပင်ကြီးထွားမှု အဆင့်ဆင့်၌ လိုအပ်သည့် ပြုစုစောင့်ရှောက်မှုများကို ဆောင်ရွက်နိုင်သောကြောင့် သီးနှံဖြစ်ထွန်းမှုကောင်းမွန်ခြင်း၊ ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိခြင်း၊

( ဇ ) စပါးအောင်ရေထုတ်၍ စပါးသီးနှံ ရိတ်သိမ်းပြီးပါက ကုလားပဲ၊ မတ်ပဲ စသည့် သီးနှံများကို သီးထပ်စနစ်ဖြင့် စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် သီးထပ်စိုက်စွမ်းအား မြင့်တက်လာနိုင်ခြင်း၊

( ဈ ) ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးနိုင်ခြင်းကြောင့် ကောက်ကွက်ပြည့်ရရှိနိုင်ခြင်း၊

(ည) မိမိစိုက်ပျိုးလိုသော သီးနှံပုံစံအလိုက် သင့်လျော်သည့် စပါးမျိုးများကို သုံးစွဲစိုက်ပျိုးနိုင်ခြင်း (မြေပြန့်ယာစပါး)၊

( ဋ ) တစ်ဧက အထွက်နှုန်း ပိုမိုလာနိုင်ခြင်းနှင့် သီးထပ်စွမ်းအား တိုးတက်စေခြင်းတို့ကြောင့် တောင်သူများဝင်ငွေ တိုးတက်မြင့်မားလာစေခြင်း၊

( ဌ ) ယာမြေမှ လယ်မြေအဖြစ်ပြောင်းလဲခြင်းကြောင့် နိုင်ငံတော်အတွက် အခွန်အခများ တိုးမြှင့်ရရှိလာနိုင်ခြင်း၊

( ဍ ) ယာမြေမှ လယ်မြေအဖြစ်ပြောင်းလဲဆောင်ရွက်ခြင်းကြောင့် ဒေသတွင်း ဝမ်းစာဖူလုံမှုကို အထောက်အကူပြုစေနိုင်သည့်အပြင် နိုင်ငံတော်၏ အသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မြင့်မားလာစေခြင်း၊

( ဎ ) အရည်အသွေးပြည့်မီသော ဆန်စပါးများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေ ရရှိနိုင်ခြင်း၊

(ဏ) တောင်သူလယ်သမားများအနေဖြင့် စပါးသီးနှံစိုက်ပျိုးရာတွင် အခြေခံလိုအပ်ချက် ဖြစ်သည့် **"မျိုး၊ မြေ၊ ရေ၊ နည်း"** မှန်ကန်စွာဖြင့် စနစ်တကျ အသုံးပြုလာနိုင်ခြင်း၊

(တ) တောင်သူလယ်သမားများ အနေဖြင့် နိုင်ငံတော်အစိုးရမှ စပါးသီးနှံအတွက် ထောက်ပံ့သော သွင်းအားစုများနှင့် ဝန်ဆောင်မှုများဖြစ်သည့် စိုက်ပျိုးရေးနည်းစနစ်များ၊ ရေသုံးစွဲနည်းများ၊ မြေဆီလွှာ ထိန်းသိမ်းသည့် နည်းလမ်းများနှင့် ပိုးသတ်ဆေးသုံးစွဲသည့် နည်းလမ်းများကို ရယူသုံးစွဲနိုင်ခြင်း။

ယာမြေများအား လယ်မြေအဖြစ်သို့ပြောင်းလဲခြင်းဖြင့် အထက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်သော်လည်း

*စာမျက်နှာ ၁၁ သို့*

❑ **မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်တွင် တောင်သူများ၏ဝင်ငွေတိုးရန်နှင့် စားရေရိက္ခာဖူလုံစေရန်အတွက် စုစုပေါင်း စိုက်ပျိုးမြေ၏ ၃၁ ဒသမ ၇၀ ရာခိုင်နှုန်းရှိသော ယာမြေအနက်မှ စပါးစိုက်ယာမြေများကို စပါးစိုက်လယ်မြေအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် တောင်သူများအနေဖြင့်လည်း နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို အစားထိုးနိုင်ရန်အတွက် စပါးစိုက်ယာမြေကို လယ်မြေအဖြစ်သို့ ပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် တောင်သူများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်**

# ပျဉ်းမနားမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသ

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ကျန်းမာရေး နှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဆွေဇင်ဝင်း နှင့် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် ခုတင်၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး အခမဲ့မျက်စိခွဲစိတ်ကုသမှုခံယူမည့် လူနာများအား ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က သဲဖြူ ဆရာတော်ကြီးနှင့် အလှူရှင်များ၏ စေတနာဖြင့် အခမဲ့မျက်စိခွဲစိတ်ကုသမှုခံယူမည့် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ဆေးရုံသန့်ရှင်း သာယာလှပရေး အလေးထားဆောင်ရွက်ရန်နှင့် လူနာများ/ပြည်သူများ အားကိုးရသည့် ဆေးရုံဖြစ်စေ ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီးနောက် ဇေယျာသီရိမြို့နယ် ခုတင်-၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် အခမဲ့မျက်စိခွဲစိတ်ကုသမှုခံ ယူမည့် လူနာများအား သွားရောက်ကြည့်ရှုအားပေး သည်။

အဆိုပါ ယာယီဖွင့်လှစ်ထားသော မျက်စိအထူး ကုဆေးရုံကြီး၌ စက်တင်ဘာ ၉ ရက်မှစ၍ ဆရာတော်ကြီးနှင့် အလှူရှင်များ၏ ကုသိုလ်ဖြင့် မျက်စိဝေဒနာရှင် ၂၇၀၀ ကို စမ်းသပ်ကုသပေးခဲ့ပြီး လူနာ ၅၀၀ ကို ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း၊ ပျဉ်းမနားမြို့နယ် ခုတင်-၂၀၀ ဆံ့ဆေးရုံတွင် လူနာ ၁၀၀ ခွဲစိတ်ပေးမည်ဖြစ်ကြောင်းနှင့် ဇေယျာသီရိ



မြို့နယ် ခုတင်-၅၀ ဆံ့ဆေးရုံတွင် လူနာ ၁၀၀ ခွဲစိတ် ကုသ ကုသိုလ်ပြုမည်ဖြစ်၍ မျက်စိဝေဒနာရှင် ၇၀၀ အား စက္ခုအလင်းကုသိုလ်ပြုမည်ဖြစ်ကြောင်း သိရ သည်။

**အောင်သူရဦး(ဒက္ခိဏ)**

## အသက် ငါးနှစ်အောက်ကလေးငယ်များအား အာဟာရအခြေအနေဆန်းစစ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း အသက်ငါးနှစ်အောက် ကလေးငယ်များအား အာဟာရ



အခြေအနေ ဆန်းစစ်ခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေး ခြင်း လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်လျက်ရှိပြီး ယနေ့ မွန်းလွဲပိုင်းတွင် အာဟာရလှုပ်ရှား မှု ဆောင်ရွက်ရာ စုရပ်များဖြစ် သည့် ဒက္ခိဏသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရွှေအင်ကြင်း ဓမ္မာရုံတို့၌ ကွင်းဆင်းဆောင်ရွက် ရာတွင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် ဒေါက်တာ သန်းနိုင်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးကြသည်။

အဆိုပါ အာဟာရလှုပ်ရှားမှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာန ဝန်ထမ်းများက အသက် ငါး နှစ်အောက် ကလေးငယ်များအား အာဟာရ အခြေအနေ ဆန်းစစ် ခြင်း၊ အင်အားပြည့်ဗီတာမင်အေ နှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ အဏုအာဟာရ ဆေးမှုန့်များ ပေးအပ်ခြင်း၊ အာဟာရချို့တဲ့သော ကလေးများအား ကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ရာ အသက် ငါးနှစ်အောက် ကလေး ၁၅၀ ကို ကျန်းမာရေး စောင့်ရှောက်မှု ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းခန့်ဇော်(ပြန်/ဆက်)**

## ရန်ကင်းမြို့နယ်၌ DT ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်း မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်း သား ကျောင်းသူများအား DT ကာကွယ်ဆေးနှင့် သားအိမ်ခေါင်း ကင်ဆာကာကွယ်ဆေး (HPV) ထိုးနှံပေးခြင်းကို ယနေ့မွန်းလွဲ ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကွင်းဆင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ကာကွယ်ဆေးများ ထိုးနှံခြင်း ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီး ဌာနမှ ဒေါက်တာသီသီလတ် နှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းအတွင်းရှိ အသက် ငါးနှစ်မှ ခုနစ်နှစ်အတွင်း KG ကျောင်းသား ကျောင်းသူ ၂၉၉ ဦးနှင့် အသက် ကိုးနှစ်မှ ၁၀ နှစ် အတွင်း ကျောင်းသူ ၁၆၉ ဦး တို့အား သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံပေးခဲ့ကြပြီး သားအိမ် ခေါင်းကင်ဆာ ရောဂါနှင့် ပတ်သက်၍ အသိပညာပေး ခဲ့သည်။

**ရဲလေး(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အခြားတစ်ဖက်တွင် အောက်ဖော်ပြပါ အားနည်း ချက်များနှင့် အပြစ်များလည်း ရှိနိုင်ပါသည်-

(က) မြေပြုပြင်ခြင်းနှင့် စိုက်ပျိုးရာ၌ လုပ်အားပိုမိုသုံးစွဲရခြင်း၊
(ခ) လယ်ကွက်ဖော်ရာတွင် အသုံးပြုသည့် စက်ကိရိယာများအတွက် လောင်စာဆီ ကုန်ကျစရိတ်ကျခံ သုံးစွဲရခြင်း၊
(ဂ) မြေကွက်အတွင်း၌ အနိမ့်အမြင့် ကွာခြားမှုမြင့်မားပါက လယ်ကွက် ဖော်ရန် အခက်အခဲများရှိနိုင်ခြင်း၊
(ဃ) လယ်ကန်သင်း ပြုလုပ်ခြင်းအတွက် အသားတင် စိုက်ဧရိယာ အနည်းငယ် လျော့ကျခြင်း၊
(င) ဆည်ရေသောက်ဧရိယာ ပြင်ပဖြစ်ပါက စိုက်ပျိုးရေ/အောင်ရေ ရရှိမှုခက်ခဲပြီး စပါးဖြစ်ထွန်းမှု အားနည်းခြင်း၊
(စ) မိုးခေါင်မှုနှင့် ကြုံတွေ့ပါကလည်း ကောင်း၊ ကန်သင်းများ ကောင်းမွန်ခြင်း မရှိပါက လည်းကောင်း စပါးအထွက် ထိခိုက်နိုင်ခြင်း၊
(ဆ) တောင်သူများအနေဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံး ရန် လတ်တလော အခက်အခဲများ ကြုံတွေ့နိုင်ခြင်း၊
(ဇ) လယ်မြေအတွင်း ကြခင်းအဖြစ် စိုက်ပျိုးပါက ပိုးမွှားရောဂါ ကျရောက်မှု ပိုမိုများပြားခြင်း၊
(ဈ) စပါးသီးနှံသို့ ပြောင်းလဲစိုက်ပျိုးခြင်း အားဖြင့် အခြားသီးနှံများထုတ်လုပ်မှု လျော့နည်းသွားနိုင်ပြီး သီးနှံအမယ်စုံ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းစေခြင်း။

အထက်ဖော်ပြပါ အားနည်းချက်နှင့် အပြစ် များအနက် လူတို့ဖန်တီးနိုင်ခြင်းမရှိသည့် ရာသီဥတု ကြောင့် ဖြစ်ပေါ်သော အားနည်းချက်များမှလွဲ၍ ကျန်အားနည်းချက်များသည် လုပ်ကိုင်ဆောင်ရွက် သည့် လူပုဂ္ဂိုလ်ပေါ်တွင် မူတည်လျက်ရှိသဖြင့် အားနည်းချက်များနှင့် အပြစ်များအား နည်းနိုင် သမျှနည်းအောင် ပြုပြင်ဆောင်ရွက်နိုင်ပါသည်။ ယာမြေမှ လယ်မြေအဖြစ်သို့ ပြောင်းလဲဆောင်ရွက် ရာတွင် အားနည်းချက်နှင့် အပြစ်များထက် ပိုမို အကျိုးကျေးဇူးရရှိနိုင်မှုကိုလည်း ရှုမြင်ရပါမည်။

**"မျိုး၊ မြေ၊ ရေ၊ နည်း" မှန်ကန်စွာဆောင်ရွက်**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၏ ဦးတည်ချက် (၄) ရပ်တွင် ပါရှိသည့် **"နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ် ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုး တိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"** ဟူသော ဦးတည် ချက်တွင်ပါဝင်ပြီး နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ် သော စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ဆောင်ရွက်ရမည့် နည်းလမ်းလေးသွယ်ဖြစ်သည့် **"မျိုး၊ မြေ၊ ရေ၊ နည်း"** မှန်ကန်စွာ ဆောင်ရွက်ပါက စပါးအထူးအထွက် တိုးပြီး ပန်းတိုင်အထွက်နှုန်းအထိ ရရှိလာနိုင်မည်ဖြစ်ခြင်း၊ မြေဆီသြဇာပိုမိုကောင်းမွန် လာနိုင်ခြင်းနှင့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်မည်ဖြစ် ခြင်းတို့ကြောင့် တောင်သူများ၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေနိုင်သည့်အပြင် ၎င်းတို့ နေထိုင်ရာ နယ်မြေဒေသ အကျိုးစီးပွားလည်း တိုးတက်ကောင်းမွန်လာစေနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီ စိုက်ပျိုးနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်တွင် တောင်သူများ၏ဝင်ငွေတိုး ရန်နှင့် စားရေရိက္ခာဖူလုံစေရန်အတွက် စုစုပေါင်း စိုက်ပျိုးမြေ၏ ၃၁ ဒသမ ၇၀ ရာခိုင်နှုန်း ရှိသော ယာမြေအနက်မှ စပါးစိုက်ယာမြေများကို စပါးစိုက် လယ်မြေအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းသည် အရေးပါသော အခန်း ကဏ္ဍမှ ပါဝင်နေသည့်အတွက် တောင်သူများအနေဖြင့်လည်း နိုင်ငံတော်၏ စားရေ ရိက္ခာဖူလုံရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို အစားထိုးနိုင်ရန်အတွက် စပါးစိုက်ယာမြေကို လယ်မြေအဖြစ်သို့ ပြုပြင် ပြောင်းလဲရေးကဏ္ဍတွင် တောင်သူများမှ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ဒေသ အလိုက် စပါးစိုက်ယာမြေမှ လယ်မြေသို့ ပြုပြင် ပြောင်းလဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းများကို ဒေသအလိုက် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ တောင်သူများနှင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒေသခံတောင်သူများအား နားလည်သဘောပေါက် အောင် ရှင်းလင်းပြောကြားပြီး အောက်ပါအချက် များကို စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်-

(က) လက်ရှိမြေအခြေအနေ (ယာမြေဟုတ်/ မဟုတ်)
(ခ) လယ်မြေအဖြစ် ပြောင်းလဲရန် သင့်လျော်ခြင်း ရှိ/မရှိ
(ဂ) ဆည်ရေ သို့မဟုတ် ရေအရင်းအမြစ် အလုံအလောက် ရနိုင်ခြင်း ရှိ/မရှိ
(ဃ) ပတ်ဝန်းကျင်နှင့် ဂေဟစနစ်အပေါ် သက်ရောက်နိုင်မှု ရှိ/မရှိ
(င) မြေခွန်နှုန်းထား ပြင်ဆင်ပြောင်းလဲ ရမည့်အခြေအနေ

ယာမြေမှ လယ်မြေအဖြစ်သို့ ပြောင်းလဲခြင်း သည် မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် အရေးပါသော ဆောင်ရွက်မှုတစ်ခုဖြစ် ပြီး လယ်မြေအဖြစ်သို့ ပြောင်းလဲမည့် ကာယကံရှင် တောင်သူများ၏ အကျိုးစီးပွား ပိုမိုတိုးတက် ကောင်းမွန်စေနိုင်ရုံသာမက စပါးစိုက်ဧရိယာများ တိုးပွားများပြားလာမည်ဖြစ်ခြင်းကြောင့် ဆန်စပါး ထွက်နှုန်းများလည်း ပိုမိုမြင့်မားလာမည်ဖြစ်၍ နိုင်ငံ့ စားရေရိက္ခာ ဖူလုံပိုလျှံလာမည့်အပြင် ဒေသတွင်း နိုင်ငံများနှင့် အခြားသော ကမ္ဘာ့နိုင်ငံများ၏ စားရေ ရိက္ခာလိုအပ်ချက်ကိုလည်း တစ်ဖက်တစ်လမ်း မှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သောကြောင့် စပါး စိုက်ပျိုးနိုင်သော ယာမြေများအား လယ်မြေအဖြစ် သို့ ဆောလျင်စွာ ပြောင်းလဲကြပါစို့ဟု တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေ များနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒုတိယဝန်ကြီး ဦးအေးကျော် ကလောပင်မဓာတ်အားခွဲရုံနှင့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံများ လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ ၁၃၂ ကေဗွီ ကလောပင်မဓာတ်အားခွဲရုံ Control Room နှင့် Switch Yard အတွင်း ဓာတ်အားထိန်းချုပ် ပို့လွှတ်ဖြန့်ဖြူးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထရန်စဖော်မာနှင့် လိုင်းထိန်းသိမ်းရေးများကို အမြဲမပြတ်စစ်ဆေးစောင့်ကြည့်ရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**လှည့်လည်စစ်ဆေး**

စက်တင်ဘာ ၂၀ ရက်ကလည်း ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံ၌ အမှတ်(၂)စက်ဖြင့် ဓာတ်အားထုတ်လုပ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးနေမှု၊ ဓာတ်အားပေးစက် အမှတ်(၁) ပြင်ဆင်နေမှုနှင့် ကျောက်မီးသွေး အခြောက်ခံစက်တည်ဆောက်တပ်ဆင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားကာ စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လိုအပ်သည်များ မှာကြား**

ထို့နောက် ဒေင်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေး လုပ်ကွက်အတွင်း



လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို စက်တင်ဘာ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC)နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက NSSA အနေဖြင့် အလုပ်အကိုင် ၇၁ မျိုးအတွက် ကျွမ်းကျင်မှုစံ ၁၀၄ ခုကို အတည်ပြုပြဋ္ဌာန်း၍ ဆောင်ရွက်လျက်ရှိရာ




၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၃၀၀၊ စစ်ဆေးအကဲဖြတ်သူ ၉၀၄ ဦး၊ စစ်ဆေးရေးမှူး ၁၂၉ ဦးအား အသိအမှတ်ပြုခဲ့ပြီး အလုပ်အကိုင် ၅၂ မျိုးတွင် ဖြေဆိုသူ ၃၂၀၈၈ ဦးအနက် အောင်မြင်သူ ၃၀၄၀၈ ဦးအား ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တို့မှ အလုပ်အကိုင် ၁၃ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၆၅၄ ဦး၊ အလုပ်အကိုင် ခြောက်မျိုးအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၁၁ ခု၊ စစ်ဆေးရေးမှူး ကိုးဦးနှင့် စစ်ဆေးအကဲဖြတ်သူ ခြောက်ဦးတို့အား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ သုခစုစံသင်တန်းကျောင်း၌ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချနေမှု၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ Fook Hing (Shwe Kha Yu) အထည်ချုပ်စက်ရုံ၊ Myanmar LNY Caps Co., Ltd. ဦးထုပ်စက်ရုံနှင့် Myanmar Ju Chuan Co., Ltd. ဖိနပ်စက်ရုံများကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေးအတွက် အလုပ်သမားရေးရာညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုး

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ဥတ္တရသီရိ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ စက်တင်ဘာ ၁၈ ရက်က ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာအုပ်စု မသိမ်ကျေးရွာနှင့် ပိုးစာတောကျေးရွာသို့ သွားရောက်ပြီး ၂၀၂၅ ခုနှစ် မိုးရာသီ တစ်အိမ်ထောင်လျှင် သစ်မာပင်၂၀ သစ်ပင်စိုက်ပျိုးပွဲများ တက်ရောက်သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်သစ်တောများကို တန်ဖိုးထား စိုက်ပျိုးစေရေး၊ စိုက်ပျိုးသည့် သစ်ပင်များ စဉ်ဆက်မပြတ် ရေရှည်တည်တံ့ခိုင်မြဲစွာ ရှင်သန်စေရေး ဝိုင်းဝန်းစောင့်ရှောက်ကြရန်၊ သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း၊ သစ်ပင်သစ်တောများ ရေရှည် တည်တံ့စေရန်အတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသားရေး လုပ်ငန်းတစ်ရပ်အဖြစ် စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများက ပျိုးပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ကာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများနှင့်အတူ မသိမ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းနှင့် ပိုးစာတောကျေးရွာလမ်းတို့တွင် သစ်ပင်များစိုက်ပျိုးပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် တောင်ညိုကျေးရွာအုပ်စု မအူလေးပင်ကျေးရွာ ကွင်းအမှတ်(၁၈၂) တောင်သူ ဦးမင်းလွင်ဦး၏ အောင်နိုင်တိုးမိုးစပါး အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၂၂**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များမှ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ရာ အခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး သိန်းဝင်း၊ စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ညွန့် ၊ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတာဖဲ၊ ခရိုင်အကူလုံခြုံရေး ဒုတပ်ခွဲမှူး ဒုရဲမှူးဆန်းလွင်၊ စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဇော်ထွေး၊ အမှတ်(၁၀၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်စိုးလွင်နှင့် တပ်ဖွဲ့ဝင်အင်အား ၅၀၊ စစ်ကိုင်းခရိုင် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ဇင်မာဦးနှင့် မိသားစုဝင်၂၀ စုစုပေါင်း ၇၀ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်က သွေးလှူဒါန်းခြင်းဖြင့် အသက်ကယ်ခြင်းနှင့် ကျန်းမာရေးအကျိုးကျေးဇူးရရှိခြင်းအကြောင်း၊ ယာယီရဲမှူးကြီးက သွေးလှူခြင်းဖြင့် ကုသိုလ်ကောင်းမှု အကျိုးကျေးဇူးများရရှိခြင်းနှင့် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးက သွေးလှူဒါန်းခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်းတို့ကို ပြောကြားခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ စာရေးဝန်ထမ်း



တစ်ဦး၊ မိသားစုဝင်တစ်ဦး စုစုပေါင်း ၂၇ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# မြေသြဇာကော်မတီ၏ (၄၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၂**

မြေသြဇာကော်မတီ၏ (၄၅)ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၁၈ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က(ယာပုံ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးစီမံကိန်းများအတွက် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးနှင့် မိုးသီးနှံများတွင် လိုအပ်သည့် မြေသြဇာများကို ရာသီချိန်မီ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်မြေသြဇာအရည်အသွေး မှန်ကန်မှုရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ် စစ်ဆေးရေးမှူးများက ဓာတ်ခွဲစစ်ဆေးရန် ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ သီးနှံများ အထွက်နှုန်းကောင်းမွန်စေရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ခဲ့ရသည့် သီးနှံစိုက်ခင်းဧရိယာများကို သွင်းအားစုများဖြင့် အချိန်မီ ပြန်လည်ကုစားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ တွဲဖက်အသုံးပြုခြင်းအပြင် မြေနမူနာဓာတ်ခွဲစစ်ဆေးချက်အပေါ်မူတည်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ သီးနှံအလိုက် ထည့်သွင်းရမည့် မြေသြဇာထောက်ခံနှုန်းထားများပေးခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းရေးအတွက် တောင်သူများအား နည်းပညာပေးခြင်း လုပ်ငန်းများအပြင် ဝန်ထမ်းများအနေဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများဘက်က တန်ဖိုးကြီးမြင့်သည့် ဓာတ်မြေသြဇာများကို အကျိုးရှိစွာ အသုံးပြုနိုင်ရန် အပင်အာဟာရစီမံခန့်ခွဲမှု နည်းလမ်းများအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြေသြဇာကော်မတီ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအားတင်ပြရာ မြေသြဇာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြေသြဇာကျွမ်းကျင်ပညာရှင်များက အကြောင်းအရာတစ်ခုချင်းအပေါ် သုံးသပ်ဆွေးနွေးကြသည်။

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် စားရေရိက္ခာဖူလုံစေရေးအတွက် အရေးပါသော သွင်းအားစုတစ်ခုဖြစ်သည့် အရည်အသွေးပြည့်မီသော မြေသြဇာများကို အချိန်နှင့်တစ်ပြေးညီ သုံးစွဲနိုင်ရန် မြေသြဇာမှတ်ပုံတင်ခြင်းအား မြေသြဇာကော်မတီက သုံးလတစ်ကြိမ် အစည်းအဝေးကျင်းပပြီး မြေသြဇာထုတ်လုပ်ခွင့်၊ တင်သွင်းခွင့်မှတ်ပုံတင်ပေးခြင်းလုပ်ငန်းများကို မြေသြဇာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြေသြဇာကော်မတီ၏ (၄၄)ကြိမ်မြောက် အစည်းအဝေးအထိ မြေသြဇာမှတ်ပုံတင်လက်မှတ်ပေါင်း ၁၂၇၄၁ စောင်ကို စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သော်လည်း မှတ်ပုံတင်သက်တမ်းကျော်လွန်၍ ဖျက်သိမ်းခြင်း၊ ကာယကံရှင်များ၏ တင်ပြချက်အရ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ရသဖြင့် လက်ရှိတွင် တရားဝင်ခွင့်ပြုထားသည့် မြေသြဇာမှတ်ပုံတင် ၇၆၂၃ စောင်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ် အထက(၄)၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး (Road Safety)ဟူသည့် ရည်မှန်းချက်အတိုင်း လမ်းအသုံးပြုသူတိုင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလွဲမသွေ လိုက်နာနိုင်ရန်ရည်ရွယ်၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၄) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ပညာရေးစာနာခန်းမ၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့် တိုင်းဒေသကြီး(ရုံးခွဲ)မှ စစ်ဆေးရေးမှူး(၃) ဦးဇော်လင်းအောင် က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသောဥပဒေများနှင့် သတိပြုလိုက်နာရမည့် အချက်အလက်များကို Video Clip ပြသကာ ရှင်းလင်းဟောပြောကြသည်။

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## ကယားပြည်နယ် လွိုင်ကော်မြို့၌ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

**လွိုင်ကော် စက်တင်ဘာ ၂၂**

ကယားပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးစီမံကိန်းဖြင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်မျိုးသန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

အဆိုပါ အခြေခံနှင့် မွမ်းမံ စက်ချုပ်နည်းပညာသင်တန်းတွင် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ (အမရပူရ) မှ ကျွမ်းကျင်နည်းပြများက ပုံစံ ၁၄ မျိုးဖြင့် သင်တန်းသား သင်တန်းသူ ၁၅ ဦးအား သင်တန်းကာလ ၄၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်( ပြန်/ဆက်)**

# ပွင့်လင်းရာသီရောက်ပြီဖြစ်၍ ဝါးနက်ဆင်စခန်းသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှု များပြားလာ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး-ပြင်ဦးလွင် ကားလမ်း၊ ၁၆ မိုင်ဂိတ်မှ ငါးမိုင်ခန့်အကွာရှိ အရိပ်အာဝါသကောင်းမွန်ပြီး အေးချမ်းစွာ အပန်းဖြေအနားယူနိုင်သည့်အပြင် ဆင်များဖြင့် ဝန်ဆောင်မှုပေးနေသည့် ဝါးနက်ဆင်စခန်းသို့ ပွင့်လင်းရာသီရောက်ပြီဖြစ်၍ လာရောက်လည်ပတ်သူ ခရီးသွားဧည့်သည် များပြားလာကြောင်း ဝါးနက်ဆင်စခန်းမှ တာဝန်ရှိသူက ပြောသည်။

အဆိုပါ ဆင်စခန်းတွင် ဆင်ကြီး ရှစ်ကောင်နှင့် ဆင်ပေါက်ကလေး သုံးကောင်ရှိပြီး ဆင်များအား ဆင်စာဘူးဖေးကျွေးသူများ၊ တစ်ပိုင်တစ်နိုင် ဆင်စာကျွေးသူများနှင့် ဆင်ပေါက်ကလေး သုံးကောင်ကို လာရောက်ကြည့်ရှုသူများဖြင့် လည်ပတ်သူများပြားလာကြောင်း သိရသည်။

“ပွင့်လင်းရာသီရောက်ပြီဖြစ်သလို မကြာခင် သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ရှည်ရောက်တော့မှာပါ။ အဲဒီအချိန်ဆိုရင် ဆင်စခန်းကို လာတဲ့သူပိုများတယ်။ လာရောက်လည်ပတ်သူက တစ်လကို ၁၀၀၀ / ၁၅၀၀ ဝန်းကျင်လောက်ရှိပြီး တချို့က ဆင်ပေါက်ကလေးတွေကို သဘောကျလို့ လာကြည့်ကြတာလည်းရှိတော့ ဧည့်သည်ပိုများလာတာပါ။ ဝင်ကြေးက ပြည်တွင်းဧည့်သည်ဆိုရင် ၁၀၀၀ ကျပ်၊ ပြည်ပဧည့်သည်ဆိုရင် ၁၀၀၀၀ ကျပ်၊ ဆင်စီးခက ပြည်တွင်းဆိုရင် ၅၀၀၀ ကျပ်နဲ့ ပြည်ပဧည့်သည်ဆိုရင် ၁၀၀၀၀ ကျပ်ပါ”ဟု စခန်းမှ တာဝန်ရှိသူက ပြောသည်။

ဆင်စခန်းတွင် ဆင်အထီး သုံးကောင်နှင့် အမငါးကောင်အပြင် ဆင်ပေါက်ကလေးများဖြစ်သည့် တစ်နှစ်ရှစ်လသားအရွယ်ရှိ ငြိမ်းချမ်းဦး(အထီး)၊ ကိုးလသားအရွယ်ရှိ ငြိမ်းချမ်းအောင်(အထီး)နှင့် ငါးလသားအရွယ်ရှိငြိမ်းချမ်းမေ(အမ)ဟူ၍ သုံးကောင်ရှိရာ အဆိုပါ ဆင်ပေါက်ကလေးများ၏ ပြုမူဆော့ကစားနေမှုများကို ဧည့်သည်များ သဘောကျနှစ်သက်ကြကြောင်း သိရသည်။



“ဒီနှစ် ခရီးသွားရာသီမှာ ဆင်စခန်းအနီးက သုံးထပ်ရေတံခွန်ကို ဆင်စီးပြီး လမ်းတစ်ဝက်အထိ အလည်အပတ်ပို့မယ့် ဝန်ဆောင်မှုအစီအစဉ်ရှိတယ်။ တော်တော်သာယာပြီး စခန်းကနေ ၁ နာရီလောက် သွားရတဲ့နေရာပါ။ မကြာခင် ခရီးသွားရာသီနဲ့၊ ကျောင်းနဲ့ ရုံးပိတ်ရက်ရှည်ရောက်တော့မှာဆိုတော့ လာရောက်လည်ပတ်ကြမယ့် ဧည့်သည်များမှာ ဖြစ်လို့ အေးအေးချမ်းချမ်း အနားယူအပန်းဖြေနိုင်ဖို့ စီစဉ်ထားပါတယ်”ဟု ဆက်လက်ပြောကြားသည်။

ဆင်စခန်းဝန်းကျင်တွင် စားပင်နှင့် အရိပ်ရအပင်များ စိုက်ပျိုးထားပြီး နားနေရန် အဆောင်များ ပြင်ဆင်ထားရှိခြင်း၊ အရိပ်ကောင်းသည့်နေရာများတွင် ခုံတန်းလျားများထားရှိခြင်း၊ လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဆင်များက ဖျော်ဖြေတင်ဆက်ခြင်း၊ တောတွင်းခရီး မိနစ် ၃၀ ဆင်စီးခရီးဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ဆင်များအား အစာကျွေးခြင်း စသည်ဖြင့် အပန်းဖြေအနားယူနိုင်ကြောင်းသိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

# ဂျပန်နိုင်ငံ၌ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ရွေးကောက်တင်မြှောက်ပွဲ တရားဝင်စတင်

**တိုကျို စက်တင်ဘာ ၂၂**

ဂျပန်နိုင်ငံ၏ အဓိကအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ရွေးကောက်တင်မြှောက်ပွဲကို တရားဝင်စတင်လိုက်ပြီဖြစ်သည်။

ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုနေရာတွင် ဆက်ခံနိုင်ရန် မျှော်လင့်ချက်ဖြင့် စက်တင်ဘာ ၂၂ ရက်က လွှတ်တော်အမတ် ငါးဦးသည် ၎င်းတို့၏ ပြိုင်ပွဲဝင်လျှောက်လွှာများကို တင်သွင်းခဲ့သည်။

ရာထူးမှ တရားဝင်နုတ်ထွက်ရန် ၎င်း၏ဆုံးဖြတ်ချက်ကို ကြေညာပြီးနောက် အီရှီဘာသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ရွေးကောက်ပွဲကို အစပျိုးပေးခဲ့ခြင်းဖြစ်သည်။

အီရှီဘာသည် ရွေးကောက်ပွဲ ဆက်တိုက်ရှုံးနိမ့်မှုအတွက် တာဝန်ယူရန် တောင်းဆိုမှုမြင့်တက်လာခြင်းများနှင့် ရင်ဆိုင်ခဲ့ရသည်။

လစ်ဘရစ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်နေရာအတွက် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများမှာ စီးပွားရေးလုံခြုံရေးဝန်ကြီးဟောင်း ကိုဘာယာရှိ တာကာယူကီ၊ ပါတီအတွင်းရေးမှူးချုပ်ဟောင်း မိုတီဂီတိုရှိမစ်ဆု၊ အစိုးရအဖွဲ့အတွင်းဝန်ချုပ် ဟာယာရှိယိုရှိမာဆာ၊ စီးပွားရေးလုံခြုံရေးဝန်ကြီးဟောင်း တာကိုင်ချီဆာနဲနှင့် စိုက်ပျိုးရေးဝန်ကြီး ကိုအိဇုမိ ရှင်ဂျိရိုတို့ဖြစ်သည်။

ပြိုင်ပွဲဝင် ကိုယ်စားလှယ်လောင်းများသည် မဲအရေအတွက် ၅၉၀ အတွက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ၎င်းအနက် လစ်ဘရယ်ဒီမိုကရက်တစ်လွှတ်တော်အဖွဲ့ဝင်များက မဲအရေအတွက် ၂၉၅ မဲပေးသွားမည်ဖြစ်သည်။ ကျန်ရှိနေသည့်မဲများကို ဒေသန္တရနိုင်ငံရေးပါတီများက ပေးသွားမည်ဖြစ်သည်။

မည်သူမျှ မဲအရေအတွက် ထက်ဝက်ကျော်ခန့်မရပါက မဲအများဆုံးနှင့် ထိပ်ဆုံးရရှိထားသည့် ကိုယ်စားလှယ်လောင်းနှစ်ဦးကြား ပြိုင်ဆိုင်ရမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်မျိုးတွင် မဲအရေအတွက် ၃၄၂ မဲရရှိထားသည့်သူက ပါတီခေါင်းဆောင်လုပ်ရန် ကမ်းလှမ်းခံရမည်ဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်အမတ်များက မဲအရေအတွက် ၂၉၅ မဲဖြင့် အများဆုံးမဲပေးနိုင်သည်။ ဒေသန္တရနိုင်ငံရေးပါတီများက အခြားနောက်ထပ်မဲအရေအတွက် ၄၇ မဲပေးနိုင်သည်။

ပါတီခေါင်းဆောင်ဖြစ်လာခြင်းသည် ဝန်ကြီးချုပ်ဖြစ်လာရန် အာမ မခံနိုင်ပါ။ ဝန်ကြီးချုပ်ဖြစ်ရန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့က ဆုံးဖြတ်ချက်ချမည်ဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ၎င်း၏မိတ်ဖက် ကိုမီတိုပါတီတို့သည်



ပြီးခဲ့သည့် အမျိုးသားရွေးကောက်ပွဲ နှစ်ခုစလုံးတွင် အများစုရှုံးနိမ့်ခဲ့သည်။

ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှုများသည် ၁၂ ရက်ကြာမည်ဖြစ်ပြီး အမတ်လောင်းများ စကားစစ်ထိုးပွဲတွင် ပါဝင်ရမည်ဖြစ်သည်။ ထို့ပြင် တိုကျို၊ နာဂိုရာနှင့် အိုဆာကာတို့တွင် ပါတီကဦးဆောင်ပြုလုပ်သည့် ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှုများတွင် မိန့်ခွန်းပြောရန်လည်း စီစဉ်ရမည်ဖြစ်သည်။ အောက်တိုဘာ ၄ ရက်တွင် မဲရေတွက်မှုကို စတင်မည်ဖြစ်သည်။

အကြီးဆုံးအတိုက်အခံအုပ်စု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဂျပန်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် နိုဒါယိုရှိဟီကိုက လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်မှုဆိုင်ရာ ကိုယ်စားလှယ်လောင်းများ၏ မူဝါဒများနှင့် သဘောထားမှတ်ချက်များတွင် အတိုက်အခံပါတီများ၏ သဘောထားနှင့် အမြင်များကို ထည့်သွင်းစဉ်းစားသင့်သည်ဟု ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**



## စူပါတိုင်ဖွန်းမုန်တိုင်း ရာဂါဆာ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်

**မနီလာ စက်တင်ဘာ ၂၂**

စူပါတိုင်ဖွန်းမုန်တိုင်း ရာဂါဆာ (Ragasa)သည် စက်တင်ဘာ ၂၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ ထို့ကြောင့် လေပြင်းများတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ ဖြစ်ပေါ်ခဲ့သောကြောင့် ရေကြီးနစ်မြုပ်ခြင်း၊ သစ်ပင်များလဲကျခြင်းနှင့် အိမ်အမိုးများလန်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ပြင်းထန်သည့် ရာသီဥတုကြောင့် အာဏာပိုင်များကပြည်သူများ ဘေးကင်းစေရန် ဒေသခံ ၁၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ ဒေသအများအပြားရှိ လမ်းများတွင် ရေကြီးနစ်မြုပ်မှုများကြောင့် သွားလာရန် မဖြစ်သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အခက်အခဲဖြစ်စေခဲ့ကြောင်း သိရသည်။

အားကောင်းသည့် အနောက်တောင်မုတ်သုံလေနှင့် ပေါင်းစပ်လာသည့် ရာဂါဆာကြောင့် စက်တင်ဘာ ၂၂ ရက်တွင် မြို့တော်မနီလာနှင့် ပြည်နယ် ၂၉ ခုတို့ရှိ အစိုးရရုံးများ၏ အလုပ်များနှင့် ကျောင်းများကို ရပ်နားထားခဲ့ရသည်။

ရာဂါဆာသည် တစ်နာရီလျှင် ၂၅ ကီလိုမီတာနှုန်းဖြင့် အနောက်ဘက်သို့ရွေ့လျားကာ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၂၁၅ ကီလိုမီတာနှင့် လေပြင်းမှာ တစ်နာရီလျှင် ၂၉၅ ကီလိုမီတာအထိ တိုက်ခတ်နိုင်ကြောင်း၊ ရာဂါဆာသည် စက်တင်ဘာ ၂၃ ရက်နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာမည်ဟု ခန့်မှန်းထားကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဌာန PAGASA က ပြောကြားသည်။

ပျမ်းမျှအားဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ နှစ်စဉ် တိုင်ဖွန်းမုန်တိုင်း ၂၀ ခန့်ဝင်ရောက်တိုက်ခတ်လေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## မွန်ဂိုလီးယားနိုင်ငံအနောက်ပိုင်း၌ ပုံမှန်မဟုတ်သည့်နှင်းများ ထူထပ်စွာကျရောက်

**အူလန်ဘာတာ စက်တင်ဘာ ၂၂**

မွန်ဂိုလီးယားနိုင်ငံ အနောက်ပိုင်း ဇက်ဖ်ခန်းပြည်နယ်၌ ပုံမှန်မဟုတ်သည့်နှင်းများ ထူထပ်စွာကျရောက်လျက်ရှိကြောင်း အမျိုးသား မိုးလေဝသနှင့် ပတ်ဝန်းကျင်စောင့်ကြည့်ရေး အေဂျင်စီက စက်တင်ဘာ ၂၂ ရက်တွင်ထုတ်ပြန်ထားသည်။

နိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိသည့် ဇက်ဖ်ခန်းပြည်နယ်သည် နိုင်ငံ၏အအေးဆုံး ဆောင်းရာသီအပူချိန်ကို ပုံမှန်ကြုံတွေ့ရသည့်ဒေသများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

အူလီယာစတိုင်၊ ယာရူ၊ အီဒါ၊ အယ်ဒါခန်အန်၊ Tsagaankhair-khan၊ Shiluusteiနှင့် အော့ဂွန်ဒေသတို့အပါအဝင် အုပ်ချုပ်ရေးဒေသခွဲတို့၌ စက်တင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် နှင်းများကျရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများတွင် နှင်းကျမှုပမာဏမှာ ပျမ်းမျှ ၂၅ စင်တီမီတာမှ ၃၀ စင်တီမီတာအထိရှိပြီး တောင်တန်းဒေသများတွင် နှင်းများ ၆၀ စင်တီမီတာအနက်အထိ ရောက်ရှိကြောင်း၊ နှင်းကျပြီးနောက် ယင်းဒေသများ၌ အပူချိန်မှာ အနုတ် ၂ ဒီဂရီဆဲလ်စီးယပ်အထိ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း အေဂျင်စီက ပြောကြားသည်။

အာဏာပိုင်များသည် ပြည်သူများ အထူးသဖြင့် တိရစ္ဆာန်ထိန်းကျောင်းသူများနှင့် ယာဉ်မောင်းနှင်သူများအား ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို အထူးသတိပြုရန် သတိပေးထားသည်။

မွန်ဂိုလီးယားနိုင်ငံသည်အလွန်အေးသည့် ဆောင်းရာသီရှည်လျားပြီး နွေရာသီတိုတောင်းကာ ကြမ်းတမ်းသည့် ရာသီဥတုရှိကြောင်း သိရသည်။ **ဆင်ဟွာ**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၁၈၃၁ ဦးရှိ

**ဒါကာ စက်တင်ဘာ ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၂ ဦးရှိကြောင်း ကျန်းမာရေးဝန်ဆောင်မှုဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်) က စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။ ယင်းမှာ နိုင်ငံအတွင်း တစ်ရက်တည်းသေဆုံးသူပေါင်း အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးသူပေါင်း ၁၇၉ ဦးရှိပြီဖြစ်ကြောင်း ဒီဂျီအိတ်ချ်အက်စ်က ထုတ်ပြန်ထားသည်။

စက်တင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူသစ် ၇၄၀ ရှိရာ ယခုနှစ်အတွင်း ယင်းရောဂါဖြစ်ပွားသူပေါင်း ၄၁၈၃၁ ဦးရှိပြီဖြစ်ကြောင်း ဒီဂျီအိတ်ချ်အက်စ်က ထုတ်ပြန်ထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန်လမှ စက်တင်ဘာလအတွင်း မုတ်သုံရာသီသည် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသည့် ရာသီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ဆန္ဒပြမှုများနှင့်ပတ်သက်ပြီး ဖိလစ်ပိုင်၌ လူ ၂၀၀ ကျော် ဖမ်းဆီးခံရ

**မနီလာ စက်တင်ဘာ ၂၂**

အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ဆန္ဒပြမှုများနှင့် ပတ်သက်ပြီး ဖိလစ်ပိုင်၌ လူ ၂၀၀ ကျော် ဖမ်းဆီးခံခဲ့ရကာ လူ ၅၀ ခန့်ဆေးရုံတင်ခဲ့ရသည်။ စက်တင်ဘာ ၂၁ ရက်က လူထောင်ပေါင်းများစွာ လမ်းများပေါ်ထွက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ တချို့က ပိုစတာများကိုင်ဆောင်ပြီး အစိုးရရေလွှမ်းမိုးမှုထိန်းချုပ်ရေး စီမံကိန်းများအပါအဝင် အကျင့်ပျက်ခြစားမှုစွပ်စွဲချက်များအပေါ် ဒေါသတကြီး ကြွေးကြော်ခဲ့ကြသည်။ ဆန္ဒဖော်ထုတ်ပွဲတွင် လူ ၂၁၆ ဦးဖမ်းဆီးခံခဲ့ရပြီး ၄၆ ဦး ဆေးရုံသို့ ပို့ခဲ့ရသည်။ ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏရင်ဆိုင်နေရပြီး မြေပြိုခြင်းနှင့် ရေကြီးခြင်းများဖြစ်ပွားလေ့ရှိသည်။ ဘတ်ဂျက်ခွဲဝေချထားပေးခဲ့သော်လည်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေး စီမံကိန်းများ အကောင်အထည် မဖော်ခြင်းနှင့် ပတ်သက်ပြီး ပြည်သူ့ဝေဖန်မှုများ မြင့်တက်လာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုးအပါအဝင် ဆက်စပ်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၂၂၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၂၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၃၂၆ တန်၊ သစ်မာ ၂ ဒသမ ၆၃၉ တန်၊ အခြားသစ် ၅ ဒသမ ၄၃၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၉၃၃၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ ၀ ဒသမ ၃၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၃၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၉၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၆ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၉၇၈၆၆၀၇၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL-15 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၃၇၈၆၆၀၇၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများအနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၃၈၀၃၂၇၃၇)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျူးလွန်သူများအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့် ပူးပေါင်း၍ ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားစေရန် လှုံ့ဆော်ခြင်းပြုလုပ်သူ လှိုင်ကော်မြို့ ဒေါ်နီးကူးရပ်ကွက်နေ ပိုင်ပိုင်စိုး (ခ) မျိုးမင်းခန့်(ခ) ပိုင်စိုး (၁၈)နှစ်၊ ဟန်ထွန်းအောင်(ခ) ရဲမင်းကိုကို (ခ)ဟန်ကြီး (၁၈)နှစ်၊ အောင်နိုင်လင်း (၁၇)နှစ်၊ ဖြိုးပိုင်ဇေအောင် (၁၆)နှစ်နှင့် ထွန်းနေဦးလှိုင်(၁၄) နှစ်တို့အား စက်တင်ဘာ ၁၄ ရက်တွင် လှိုင်ကော်မြို့မရဲစခန်း(ပ)၂၁၈/၂၀၂၅ ဖြင့် လည်းကောင်း၊ ရွှေပြည်သာမြို့နယ်၌ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားစေရန် ဆန္ဒပြ၊ လှုံ့ဆော်ခြင်းပြုလုပ်ခဲ့သူ ရွှေပြည်သာမြို့နယ် အမှတ်(၅) ရပ်ကွက်နေသူများဖြစ်ကြသည့် ရဲသူရအောင် (၃၆)နှစ်၊ ကျော်ဝဏ္ဏ (၂၅)နှစ်၊ ချစ်ဝင်း (၄၅)နှစ်နှင့် ပြေထွန်း (၃၄)နှစ်တို့အား စက်တင်ဘာ ၁၆ ရက်တွင် ရွှေပြည်သာမြို့မရဲစခန်း(ပ)၃၄၇/၂၀၂၅ ဖြင့်လည်းကောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် အသီးသီးအမှုဖွင့် ဖမ်းဆီးအရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## သာပေါင်းမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးနှင့် ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံ

**သာပေါင်း စက်တင်ဘာ ၂၂**

သာပေါင်းမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ(HPV)ကာကွယ်ဆေးနှင့် ဆုံဆို့၊ မေးခိုင်ရောဂါ(DT)ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ယနေ့နံနက်ပိုင်းက အခြေခံပညာမူလတန်းလွန်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းတို့တွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းပွား ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း(မိခင်/ကျောင်းကျန်းမာရေးအာဟာရ)နှင့် ကျန်းမာရေးဝန်ထမ်းများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူ ၄၀၆ ဦးတို့အား ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေး(DT)ထိုးနှံပေးခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူ ၂၃၉ ဦးတို့အား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံပေးပြီး မြို့နယ်အတွင်း ထိုးနှံရန်ကျန်ရှိကျောင်းများကို ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

**သိန်းမြင့်မျိုးဦး(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေး

**ပခုက္ကူ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို လစဉ်အခမဲ့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အရှေ့ဘက်ဆေးရုံသုံးထပ်ဆောင်ခန်းမ၌ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး၏ ဦးဆောင်မှုဖြင့် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်(ဆေးပညာ)နှင့် သူနာပြုကြီး/ငယ်များ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ၁၁၅ ဦးအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချို၊ နှလုံးရောဂါဆိုင်ရာ စစ်ဆေးပေးခြင်း၊ အခြေခံရောဂါ ရှာဖွေစမ်းသပ်စစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် လိုအပ်သောဆေးဝါးများ ပေးအပ်ခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပေါင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**ပေါင် စက်တင်ဘာ ၂၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များသက်သာသောဈေးနှုန်းတို့ဖြင့် ရောင်းချပေးခြင်းတို့ကို ယနေ့ နံနက်ပိုင်းက ပေါင်မြို့ ဝါရီရွာခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တာဝန်ရှိသူများ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးကုသခြင်းနှင့် လိုအပ်သည့် ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူတို့ ပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ပဲ၊ အာလူး၊ ဆီ စသည့်အခြေခံစားသောက်ကုန်များကို ရောင်းချပေးခြင်း လိုအပ်သည်တို့ကို ပံ့ပိုးပေးခဲ့ကြသည်။



အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ စောင့်ရှောက်မှုပေးရာတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တို့က လိုအပ်သည်တို့ကို ကူညီဆောင်ရွက် ပေးခဲ့ကြပြီး စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ ကြက်ခြေနီသာမန်ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲကျင်းပ

**မိုးနဲ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ ကြီးကြပ်မှုဖြင့် ကြက်ခြေနီသာမန်ရှေးဦးပြုစုခြင်း သင်တန်း (၁/၂၀၂၅) ဆင်းပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးတိုးလှက ကြက်ခြေနီအသင်းခွဲ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသားထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြပြီး သင်တန်းကို စက်တင်ဘာ ၆ ရက်မှ အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း သင်တန်းသား သင်တန်းသူ ၃၀ အား ရှေးဦးပြုစုခြင်း (သာမန်) ဘာသာရပ် ၁၇ မျိုးကို စာတွေ့၊ လက်တွေ့ ပို့ချပေးခဲ့ကြောင်း သင်တန်းကြီးကြပ်သူထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လွိုင်လင်မြို့၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲပြုလုပ်

**လွိုင်လင် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့က ကြီးမှူး၍ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲကျင်းပရာ ခရိုင်ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ကြက်ခြေနီအသင်းဖြစ်ပေါ်လာပုံ အကြောင်းကို အသိပညာပေးဟောပြောပြီး ယင်းနောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ World First Aid Day အထိမ်းအမှတ် KG တန်းအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မူလတန်းနှင့် မူလွန်အဆင့်ကို ပန်းချီပြိုင်ပွဲများပြုလုပ်ပေးကာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပေးသည်။

အဆိုပါ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အဖြစ် ယခုနှစ်တွင် **ဥတုဖောက်ပြန်သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်** ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ ၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **လွိုင်လင်မိုး**



## တပ်ကုန်းမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော် တပ်ကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်းသည့် အခွန်ပညာပေး ရှင်းလင်းဆွေးနွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးမှူးရုံး၌ ကျင်းပသည်။



အဆိုပါ အခွန်ပညာပေးဆွေးနွေးရာတွင် မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆိုင်ဟိန်းက အခွန်နှင့်ပတ်သက်၍ သိရှိရမည့် ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့်ဥပဒေများ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ ဦးစီးအရာရှိက ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## Women Club စာဖတ်ဝိုင်းကျင်းပ

**ကိုကိုးကျွန်း စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ Women Club အဖွဲ့က စာရေးဆရာ ဒေါက်တာသက်လွင်၏ အတိတ်ကပုံရိပ်ကလေးများ စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယနေ့ နံနက် ၁၁ နာရီက ဆောင်ရွက်သည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြင့်သူက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့ပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် ဒုတိယဦးစီးမှူးနှင့် WomenClub အဖွဲ့ဝင်များက အဆိုပါစာအုပ်မှ ကြီးပွားရေးဖြတ်လမ်းခေါင်းစဉ်နှင့် စာနာစိတ်ခေါင်းစဉ်များဖြင့် အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

## သရက်မြို့၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**သရက် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကမ်းနားလမ်းအနီး၌ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်/ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ တက်ရောက်၍ ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးအကောင်ရေ နှစ်သိန်းအား ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## ပခုက္ကူမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲပြုလုပ်

**ပခုက္ကူ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲကို ယနေ့နံနက်က ပခုက္ကူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်အမာဆွေက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားကာ ပခုက္ကူမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာမ အသွင်ဆန်း(ပခုက္ကူ)က လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်၊ စာရေးဆရာ ဇေယျာပိုင်ရွှေက စာပေဖတ်ရှုလေ့လာခြင်းကြောင့် ကိုယ်ထူးကိုယ်ချွန်ဖြစ်ကြသော သူရဲကောင်းများခေါင်းစဉ်၊ စာရေးဆရာ အောင်ဝင်း (မျိုးချစ်သူ-ရေစကြိုသား)က ဗလငါးတန်ပြည့်စုံဖို့ ကျောင်းစာကြည့်တိုက်ကို အကျိုးရှိရှိအသုံးချကြစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးအနေဖြင့် မူးယစ်ဆေးစွဲကုသပြီး ပြန်လည်ထူထောင်မှု ခံယူလျက်ရှိသည့် သင်တန်းသား ၂၀ တို့ကို အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန် ရည်ရွယ်၍ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ယနေ့တွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်း(ရန်ကုန်)၌ ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သမဝါယမဦးစီးဌာနနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၀ တို့ တက်ရောက်ကြသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုး ပြုလုပ်နည်း၊ ခေါင်းလျှော်ရည် ပြုလုပ်နည်းနှင့် ဆပ်ပြာခဲအမျိုးမျိုးပြုလုပ်နည်းတို့ကို သင်တန်းသား ၂၀ တို့အား ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကောက်ယူခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**နတ်တလင်း စက်တင်ဘာ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းမြို့နယ်ရုံးမှ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာများ လာရောက်ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကောက်ယူခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းမြို့နယ်ရုံးမှ လက်ထောက်မြို့နယ်မှူး ဒေါ်သက်သက်ထွန်း၊ ဒုလဝကမှူး ဒေါ်စုမြတ်စန္ဒီနှင့် ဝန်ထမ်းများက ဦးဆောင်၍ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာများ လာရောက်ထုတ်ယူရန် အခက်အခဲရှိနေသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လွယ်ကူစွာထုတ်ယူနိုင်ရေးအတွက် UID ကောက်ယူခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ဝေယံဖြိုး(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

**မြို့သစ် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးပြပွဲကို ယနေ့နံနက်ပိုင်းက တလုပ်ပင်ကျေးရွာအုပ်စု တလုပ်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန့်က ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းအိဖွန့်(ပြန်/ဆက်)**

## အသက်ငါးနှစ်မှ ခုနစ်နှစ်အထိ ကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေး

**တွံတေး စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ အသက်ငါးနှစ်မှ ခုနစ်နှစ်အထိ ကလေးငယ်များအား သားအိမ်ခေါင်း ကင်ဆာကာကွယ်ဆေးများ အခြေခံပညာကျောင်းများသို့ ကွင်းဆင်း ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက အထက(ခွဲ)ကျွန်းတောကျောင်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ထိုးနှံပေးခဲ့သည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အသက်ငါးနှစ်မှ ခုနစ်နှစ်အထိ ကလေးငယ်များအား သားအိမ်ခေါင်း ကင်ဆာကာကွယ်ဆေးများ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းထိုးနှံပေးခြင်းများကို အထက(ခွဲ) ကျွန်းတော၌ အသက်ငါးနှစ်မှ ခုနစ်နှစ်အထိ ကျောင်းသူများကို HPV (သားအိမ်ခေါင်း ကင်ဆာကာကွယ်ဆေး)ကို (၁.၉.၂၀၁၅) မှစ၍ (၃၁.၈.၂၀၁၆)အတွင်း မွေးဖွားသော ကျောင်းနေအရွယ် မိန်းကလေးများကို ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မပြည့်သေးသော KG ကျောင်းသားကျောင်းသူများအား ကျောင်းအခြေပြု DT ကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်ကြည်ကြည်ဝင်းက ကွင်းဆင်း ထိုးနှံပေးခြင်းဖြစ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးငယ်ငယ်ထွန်းနှင့် ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်ကွက်တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## မိုင်းယန်းမြို့၌ စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်း ပြုလုပ်

**မိုင်းယန်း စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် စာပေချစ်မြတ်နိုးသူများ (Book Club)အသင်းဖြင့် စက်တင်ဘာ ၂၂ ရက်က စာရေးဆရာ နတ်သျှင်(ရွှေဂူ) ရေးသားထားသော "လူငယ်များ၏ ရွှေရောင်မနက်ဖြန်" သုတ ရသ ဓမ္မရသ ဆောင်းပါးများ စုစည်းမှုစာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်ဆွေးနွေးခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လူငယ်လူရွယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချပြီး မိမိဘဝအတွက် ရည်မှန်းချက်ထားရှိ၍ ကြိုးစားသင့်ပုံများကို အသိပညာပေး ရှင်းလင်းပြောကြားပြီး "လူငယ်များ၏ ရွှေရောင်မနက်ဖြန်" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် စာပေချစ်မြတ်နိုးသူ ဒေါ်ခိုင်ခိုင်ဝင်းက "ရွှေရောင်လေးတွေ လင်းလက်ခွင့်ပေးပါ" ခေါင်းစဉ်ဖြင့် လူငယ်တွေအပေါ် ယုံကြည်မှု၊ လေးစားမှုကိုပြသပေးရန် လိုအပ်ပုံအကြောင်းအရာများဖြင့်လည်းကောင်း ဆွေးနွေးကြရာ တက်ရောက်သူများက ဆွေးနွေးချက်များအပေါ် မိမိထင်မြင်ယူဆချက်များ၊ အတွေးအမြင်များကို အပြန်အလှန်ချပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းထူး**

## စာပေချစ်မြတ်နိုးသူများအသင်း မုဒိတာအဖွဲ့ဝင်များ စာဖတ်ဝိုင်းကျင်းပ

**ရွှေတောင် စက်တင်ဘာ ၂၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်းနှင့်ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စက်တင်ဘာ ၂၁ ရက်က စာရေးဆရာ မောင်ရင့်ကျူ(မြောင်းမြ)၏ "စောင့်လေမျိုးနွယ်နှင့် အမျိုးသားယဉ်ကျေးမှုဆောင်းပါးများ" စာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်ခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းတွင် စာပေချစ်မြတ်နိုးသူများအသင်း (Book Club) ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်ခင်ယုနိုင်(အေပရယ်ယုနိုင်ရွှေတောင်)က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က ရွှေတောင်မြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် စာဖတ်ရှိန်မြင့်မားလာစေရန်၊ စာပေမှ ဗဟုသုတများရရှိစေရန်၊ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်အယူအဆများကို နှီးနှောဖလှယ်နိုင်ခြင်း၊ စာပေဖတ်ရှုခြင်းကြောင့် အသိအမြင်ဗဟုသုတတိုးပွားစေခြင်းစသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည့်အတွက် စာပေများဖတ်ရှုလေ့လာရန်လိုအပ်ကြောင်း ပြောကြားပြီး တက်ရောက်လာသော စာပေချစ်မြတ်နိုးသူများက စာရေးဆရာ မောင်ရင့်ကျူ (မြောင်းမြ)၏ "စောင့်လေမျိုးနွယ်နှင့် အမျိုးသားယဉ်ကျေးမှုဆောင်းပါးများ" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးကျင်းပခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က အမှတ်(၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းနိုင်ဦး ဦးဆောင်၍ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၂ ဦးတို့က ပေါင်းမြက်၊ ချုံနွယ်၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် တံမြက်စည်းလှည်းခြင်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ သန်းလူ(ပြန်/ဆက်)



## မြောက်ဥက္ကလာပမြို့နယ်၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ကြက်ဥများ ရောင်းချပေး

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အများပြည်သူများသို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း သတ်မှတ်စုရပ်နေရာများ၌ ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးရာတွင် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၆၅ ကျပ်နှုန်းဖြင့် ကြက်ဥအလုံးရေ ၂၁၀၀၀ ကို မြို့နယ်အတွင်းရှိ (ခ)ရပ်ကွက်၊ မဈေးလမ်း၊ (ဆ)ရပ်ကွက်၊ မေခဝီလမ်း၊ (ရွှေပေါက်ကံ/ ၁၄ ရပ်ကွက်)၊ ရာဇဓိရာဇ်လမ်း၊ (ည)ရပ်ကွက်၊ ရောလမ်းရပ်ကွက်များအလိုက် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ဈေးနှုန်းချိုသာစွာဖြင့် စနစ်တကျဖြန့်ဝေရောင်းချပေးရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ကြီးကြပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒဂုံမြို့သစ် (မြောက်ပိုင်း)၌ မြို့နယ်ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးက အမှာစကား ပြောကြားပြီး ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မြို့နယ်အတွက် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် မြောက်ဒဂုံမြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့ဝင်များနှင့် သင်တန်းတွင် ထူးချွန်သူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး ဦးကျော်မြင့်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။ **မြင့်မြင့်ရီ**

## ကိုယ်ဝန်ဆောင်မိခင်များ လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**မိုင်းယန်း စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာဖွံ့ဖြိုးပြီး လွယ်ကူစွာမွေးဖွားနိုင်ရန် ကျန်းမာရေးစစ်ဆေးစောင့်ရှောက်ပေးခြင်းနှင့် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၂ ရက်က ကျိုင်းဟင်ရပ်ကွက် အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနရုံး၌ ထိုးနှံပေးလျက်ရှိသည်။



အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ခံအမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ငွေငွေခိုင်နှင့် ကျန်းမာရေးဆရာမများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များအား စနစ်တကျ စာရင်းပြုစု၍ ကျန်းမာရေးစောင့်ရှောက်စစ်ဆေးပေးခြင်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့် ကျန်းမာရေးဌာနမှ သိရသည်။

**ထွန်းထွန်းထူး**

## မိုင်းရယ်မြို့ လူထုအခြေပြုဗဟိုဌာန၌ အထွေထွေဗဟုသုတနှင့် ဉာဏ်စမ်းပြိုင်ပွဲကျင်းပ

**မိုင်းရယ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ ကျောင်းသား ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတကြွယ်ဝစေရန် ရည်ရွယ်၍ အထွေထွေဗဟုသုတနှင့် ဉာဏ်စမ်းပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မာလာက ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ၏ ဆိုးကျိုးနှင့်အန္တရာယ်အကြောင်းကို အသိပညာပေး ဟောပြောပြီး အထွေထွေဗဟုသုတနှင့် ဉာဏ်စမ်းပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အလကနှင့် မူလွန်(၁)ကျောင်းတို့မှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ တို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



**မိုင်းရယ်(ပြန်/ဆက်)**

ချောင်းသာမြို့ ရွှေသာယာမြို့မဈေး၌ စက်တင်ဘာ ၂၂ ရက်က စတိုးဆိုင်များ၊ ကုန်စုံဆိုင်များတွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)က ဦးဆောင်၍ ချောင်းသာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်စဉ်။ ကျော်ဟိန်း(ပြန်/ဆက်)






မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့်တာဝန်ရှိသူများ စက်တင်ဘာ ၂၂ ရက်က ကျောက်ဆည်မြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် တောင်ပလူစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ သက်မောင်(ကျောက်ဆည်)

## ပေါင်းတည်၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**ပေါင်းတည် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အစိုးရဝန်ထမ်းအငြိမ်းစားများအား ပင်စင်ထုတ်ရက်များတွင် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ပေါင်းတည်မြို့နယ် ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံ၌ လစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ်နှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုများက အစိုးရအငြိမ်းစားဝန်ထမ်းဟောင်းများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးကာ လိုအပ်သောဆေးဝါးများပေးခြင်း၊ လိုအပ်သောဆေးများ ထိုးနှံပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာလမ်းညွှန်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ရွှေသား(ပြန်/ဆက်)**

## မြို့နယ်အချို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ပြည်သူများ လက်တွေ့စမ်းသပ်မဲပေးမှုများဆောင်ရွက်

**မှော်ဘီ**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ လုပ်ငန်းအဖွဲ့က ဦးဆောင်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို စက်တင်ဘာ ၂၂ ရက်က ဆပ်သွားတောကျေးရွာအုပ်စု ဆပ်သွားတောဘုန်းကြီးကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆိုင်ရာ အသိပညာပေးအခမ်းအနားသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးနှင့် အဖွဲ့များ၊ မြို့စည်ပင်သာယာရေးမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(ပြန်/ဆက်)**



**သဲကုန်း**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၂၂ ရက်က သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်လျက်ရှိပြီး အခမ်းအနားသို့ ရပ်ကွက် (၁)၊ ရပ်ကွက် (၂)၊ ရပ်ကွက် (၃)၊ ရပ်ကွက်(၄)နှင့် အုတ်ဖိုကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများတက်ရောက်၍ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်သရုပ်ပြ ဆန္ဒမဲပေးခြင်း ဆောင်ရွက်ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။ **ကိုကျော် (ပြန်/ ဆက်)**



**မြောင်းမြ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးမှုသရုပ်ပြသခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မိသားစုဝင်များ အသုံးပြုတတ်စေရန်အတွက် စက်တင်ဘာ ၂၁ ရက်က မြောင်းမြ မြို့နယ်ရဲတပ်ဖွဲ့စခန်း ရဲကျော်သူခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မိသားစုဝင်တစ်ဦးချင်း ကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အများသိစေရန် အသိပေးကြေညာခြင်း

**International Language & Business Center (ILBC) Company Limited** ၎င်း၏ တရားဝင်ရုံးခန်း လိပ်စာအမှတ်-(၅၈-ဘီ)၊ အင်းလျားလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်-

**International Language & Business Center (ILBC) Company Limited** သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တည်ထောင်ထားပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ (၂၅)၊ ပုဒ်မခွဲ(ဂ)အရ ခွင့်ပြုမိန့်ရရှိကာ မြန်မာနိုင်ငံအတွင်းနိုင်ငံတကာ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများဖွင့်လှစ်၍ နိုင်ငံတော်၏ ပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များနှင့် အမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

| | | | |
|---|---|---|---|
| Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004312 | Be educated at ILBC<br>Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004317 | PROGRESS THROUGH EDUCATION<br>Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004378 | Training ground for life<br>Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004416 |
| The best place for learning English<br>Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004370 | We are proud. We are strong. We are ILBC.<br>Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004373 | MISSION STATEMENTS<br>• Academically Well-prepared,<br>• Socially Responsible,<br>• Culturally Sensitive,<br>• Personally Fulfilled.<br>Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004288 | Filling Date - 26-04-2023<br>ILBC<br>Registration Date - 18-02-2025<br>Registration No - TM/2025/002321 |
| YIS YANGON INTERNATIONAL SCHOOL<br>Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004295 | Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004319 | AMERICAN INSTITUTE OF MYANMAR<br>Filling Date - 26-04-2023<br>Registration Date - 16-05-2025<br>Registration No - TM/2025/004327 | HOME OF THE ILBC TIGERS<br>Filling Date - 26-04-2023<br>Registration Date - 18-02-2025<br>Registration No - TM/2025/002320 |
| HOME OF THE EAGLES<br>Filling Date - 26-04-2023<br>Registration Date - 18-02-2025<br>Registration No - TM/2025/002318 | EAGLES<br>Filling Date - 26-04-2023<br>Registration Date - 18-02-2025<br>Registration No - TM/2025/002317 | EAGLES BASKETBALL<br>Filling Date - 26-04-2023<br>Registration Date – 17-03-2025<br>Registration No - TM/2025/003285 | HOME OF THE LIONS<br>Filling Date - 26-04-2023<br>Registration Date - 18-02-2025<br>Registration No - TM/2025/002319 |

အထက်တွင်ဖော်ပြပါ ဝန်ဆောင်မှုအမှတ်တံဆိပ်များ၏ မူပိုင်ခွင့် (Intellectual Property Rights) ရရှိရန်အတွက် **International Language & Business Center (ILBC) Company Limited** သည် ပြည်ထောင်စုအစိုးရစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန သို့ အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်ခြင်းခံရရန်အတွက်လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာန(Intellectual Property Department)၊ မှတ်ပုံတင်အရာရှိ (Registrar) မှ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်အသီးသီးထုတ်ပေးခဲ့ပါသည်။

အဆိုပါ ဝန်ဆောင်မှုအမှတ်တံဆိပ်များ၏ မူပိုင်ခွင့်ကို **International Language & Business Center (ILBC) Company Limited** တစ်ဦးတည်းကသာ အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ကြောင်း၊ မိမိ၏ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများအတွက် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် သုံးစွဲလျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါအမှတ်တံဆိပ်များကို မည်သူတစ်ဦးတစ်ယောက်ကမျှ မိုငြမ်း၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း အတုအပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ပုံတူကူးယူခြင်း စသည်တို့ မပြုလုပ်ရန် အသိပေးအပ်ပါသည်။

ယခုအခါတွင် အထက်ဖော်ပြပါဝန်ဆောင်မှုအမှတ်တံဆိပ်များ၏ ပိုင်ရှင်မဟုတ်ဘဲ၊ Internet Online ဆက်သွယ်ရေးကွန်ရက်များမှတဆင့် Social Media များပေါ်တွင် အခြားသူများမှ Page အတုများ ထောင်၍ ညစ်ညမ်းသော Post များ၊ Status များ၊ ပုံများ၊ မှတ်ချက်ရေးသားခြင်းများ၊ ပညာရေး နှင့် မသက်ဆိုင်သည့် Link များ Share ခြင်း စသည်ဖြင့် အမှတ်တံဆိပ်ပိုင်ရှင် နှင့် ကျောင်း၏ကောင်းမွန်သော ဂုဏ်သတင်းနှင့် ဂုဏ်သိက္ခာများ ကို ကျဆင်းစေသောပြုလုပ်မှုများ ရှိနေသည်ကို တွေ့ရှိ နေရပါသည်။

ထို့ကြောင့် အမှတ်တံဆိပ်ပိုင်ရှင်အနေဖြင့် မိမိမူပိုင်ခွင့်များရရှိထားပြီဖြစ်သော အမှတ်တံဆိပ်များ၏ အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသည့်အစိတ်အပိုင်းများ၊ အရောင်အသွေးများတို့ကို အသုံးပြု၍အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန်၊ ကုမ္ပဏီ၏အကျိုးစီးပွားထိခိုက်နစ်နာစေရန်နှင့် ဂုဏ်သိက္ခာများကျဆင်းစေရန်ပြုမူဆောင်ရွက်ခြင်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှမပြုလုပ်ကြရန် သတိပေးအပ်ပါသည်။

အကယ်၍ လိုက်နာမှုမရှိဘဲ ပြုမူလုပ်ဆောင်မှုများရှိနေဦးမည်ဆိုပါက **International Language & Business Center (ILBC) Company Limited** အနေဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**International Language & Business Center (ILBC) Company Limited** ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၃၅/၂၀၁၂)
အမှတ်-၆၉၊ အခန်းအမှတ်-၁၂၀၅၊ (၁၂-လွှာ)၊ ယုဇနတာဝါ၊ ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - +95 9 448007615 , +95 9 5150052

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၉၈၄၃ ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံလင်း ၁၀/ခဆန(နိုင်) ၁၂၉၅၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၆၁၃၃၄ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၁၀/မလမ(နိုင်)၀၄၉၄၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၁၅၀၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၁၀/မလမ(နိုင်) ၀၀၃၆၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃-ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ ရှိုင်ရယ်သုခကွန်ဒိုရှိ အခန်းအမှတ် (၁၀၀၆)၊ တိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို ဝယ်ယူထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူဦးဝေယံရဲမင်း (၉/ပမန(နိုင်) ၀၀၁၅၁၆) (၎င်း၏ ကိုယ်စား ဒေါ်ဇင်မာမြင့် (၉/ပမန(နိုင်)၀၀၁၄၃၄ က လက်မှတ်ရေးထိုးရောင်းသူ)ထံမှ ဦးသန်းဝင်း (၁၁/စတန(နိုင်)၀၅၄၅၁၂၊ ဒေါ်ခင်မိုးဝေ ၁၁/စတန(နိုင်)၀၀၁၀၂၄)တို့က လက်ရောက်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း သက်ဆိုင်ရာ စာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်သိန်းကျော် — ဒေါ်သက်သက်အောင်
စဉ်-၈၆၇၃ တရားလွှတ်တော်ရှေ့နေ — စဉ်-၂၈၃၅၀ အထက်တန်းရှေ့နေ
PH: 09-761036906 — PH: 09-250667457
ရှေ့နေရုံးခန်း - တိုက်အမှတ်(၃၈)၊ ပထမထပ်၊ သမိန်ဗရမ်းလမ်း၊ ဌေးကြွယ်ကရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကန်ထရိုက်တိုက်ရငွေများဖြင့် ခရိုင်(၁၄) ခရိုင်အတွင်းရှိ မြို့နယ်များအတွက် လိုအပ်သောထရန်စဖော်မာနှင့်မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)ရှိ Transformer Line ပြုပြင်ခြင်းလုပ်ငန်း (Deposit Work) အတွက် လိုအပ်သော ပစ္စည်း(၇)မျိုးအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၃.၉.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၉.၁၀.၂၀၂၅) ရက်နေ့ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၂၂၀၅-ဘီ)၊ ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်နန်းသဇင်နွယ်၊ ၁၃/မမန(နိုင်)၀၁၁၁၁၁မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးအောင်လတ် ၉/တသန(နိုင်)၁၄၇၇၄၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ အထက ရောမှ ဒေါ်မေသူအောင်(ဒု-အလယ်တန်းပြ) ၁၄/ဘကလ(နိုင်)၂၁၃၂၈၁ ၏ ဖခင် ဦးအောင်ညိမ်း နှင့် ဦးအောင်ငြိမ်း မှာ တစ်ဦးတည်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအောင်ငြိမ်း ၁၄/ဘကလ(နိုင်)၀၁၀၄၅၇ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၉-၂၀၂၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၉)ပါ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 1TLR/6288 အစား ယာဉ်အမှတ် **1TLR/6266** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ် ၇၈၈/ခ ၊အသက(၂၆)လမ်း၊ မြေအကျယ်အဝန်း-အလျား(၂၀)ပေXအနံ(၆၀)ပေရှိ ဦးသန်းထွန်း(၁၀/ရမန(နိုင်)၁၁၇၂၀၁) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်အားနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၃)ထပ် အဆောက်အအုံအား ပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာလွင် (LL.B,D.I.L )
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၀၆/၂၀၁၆)
အမှတ်-၉၊ ဆရာမကြီးလမ်း ၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်။
ဖုန်း-၀၉- ၄၂၅၀၁၈၆၈၄

## မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/44629, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းဝင်း ၅ /ကလထ(နိုင်) ၁၈၃၈၆၂က စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊
ကလေးမြို့

## မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8W/92133, KENBO ယာဉ်လက်ဝယ်ရှိသူ ဦးသွမ်လျန်မောအေး ၄/ဖလန(နိုင်)၀၀၁၅၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊
ကလေးမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ သီရိ(၆) လမ်း၊ မြေကွက်အမှတ်-၄၅၊ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် တိုက်အမှတ်- ၄၅(B)၊ လှူနေရပ်ကွက်အမှတ်(၂)၊ (၂)ခန်းတွဲ(၆) ထပ်တိုက်၏ မြေညီထပ်(ဘယ်ဘက်ခြမ်း)၊ အကျယ်ပေ(၁၅x၅၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအား ဦးရာကွတ်ထံမှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်အေးအေးဝင်း ၁၀/ သဖရ(နိုင်) ၁၅၆၁၅၂ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အုံးမြင့် ၁၄/ညတန(နိုင်)၀၉၁၄၆၈မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်သောကြောင့် အထက်ဖော်ပြပါတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ ခုနစ်ရက်အတွင်း တိုက်ခန်းပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အုံးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်ထက်အောင်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၈၄)
အမှတ်-၃၈၊ ဓမ္မပါလလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၈၈၁၄၂၄၁၀၀

## အမည်ပြောင်း

(ဘ)ဦးအောင်ဝင်းလှိုင်၏ သားသာကေတ ထက်မြက်ထွန်း (ကိုယ်ပိုင်အထက်တန်းကျောင်း) Grade-12မှ မောင်ခိုင်စိုးသန်းအား မောင်ခိုင်စိုးသန့်ဟု အမည်မှန်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခိုင်စိုးသန့်**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းခရိုင်၊ ဇီးတော်ပင်ချောင်းခွကျေးရွာအုပ်စု၊ ဇီးတော်ပင် ကျေးရွာ (အမက) ကျောင်းမှ ဒေါ်မြထွေး (လ/ထ-မူပြ) ၉/ရမသ(နိုင်)၁၂၀၈၉၂၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၇-၁၉၇၇)ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/9889 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## မှတ်ပုံတင်အမှတ်အမှန်

ဖြူးမြို့နယ်၊ အလက တိုးခင်(ဗမာ) ကျောင်းမှ ကျောင်းအုပ်ဆရာမ ဒေါ်ဌေးဌေးလှိုင်၏ အမှုထမ်းသက်စာအုပ်တွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်မှာ ၇/ဖမန(နိုင်)၀၇၅၃၆၀ဖြစ်နေပြီး ၎င်း၏နိုင်ငံသား စိစစ်ရေးကတ်အမှတ် အမှန်မှာ ၇/ဖမန(နိုင်)၀၇၅၃၅၉သည် အမှန်ဖြစ်ပါကြောင်း။

**ဒေါ်ဌေးဌေးလှိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏာမဟီရပ်ကွက်၊ အကွက်အမှတ် (၆၃၀)၊ ဦးပိုင်အမှတ် (၃၉-ခ)၊ ၇၉X၈၀ကြား၊ ၃၂X၃၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးစိုးမြင့် ၉/မရမ(နိုင်)၀၃၄၆၉၀၊ ဒေါ်သန်းသန်းဦး ၉/မရမ(နိုင်)၀၄၁၇၀၂ တို့က အမှုတွဲအမှတ်(၂၆၄၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည် မြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၆၄-က)၊ ဦးပိုင်အမှတ်(၂၂)၊ ၄၂လမ်း၊ ၇၈x၇၉ လမ်းကြားရှိဂရန်မြေကွက် အမည်ပေါက်သော ဦးမြင့်ဦး ၇/အတန(နိုင်)၀၁၂၉၀၃၊ ဒေါ်ဟန်စုစိန်(ခ)သန္တာ ၇/အတန(နိုင်) ၀၁၀၂၂၆ တို့က အမှုတွဲ အမှတ် (၂၆၂၈/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ် (၄၇၂) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမြမောင် (BHO-၀၀၅၀၅၃)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်သန်း (၁၄/ဘကလ(နိုင်)၀၆၉၈၉၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နီနီဦး (၅/ကဘလ(နိုင်)၁၀၈၅၃၆)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** — အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** — အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးကျော်မြင့် | ပုသိမ် | အမှတ်(၃) | ၅၂/ကင်မလင်းကျွန်း | အက်ဖ်-၂၅၁ | ၀.၀၅၅ | အမည်ပြောင်း |
| ၂ | ဒေါ်ဆွေဇင်ထိုက် | ပုသိမ် | အမှတ်(၁၃) | ၁၆၃-စီ/ရုံးရပ်ကွက် | ဒီ-၄၇/ခ | ၀.၀၃၉ | အသစ် |
| ၃ | ဒေါ်သန်းသန်းအေး | ပုသိမ် | အမှတ်(၁၃) | ၅၂/ရွှေဝတ်မှုံ | ၁၄၃ | ၀.၄၅၉ | အမည်ပြောင်း |
| ၄ | ဒေါ်ဌေးဌေးရီပါ(၄)ဦး | ပုသိမ် | အမှတ်(၈) | ၁၁၈/ကသဲစု | ၇-က | ၀.၀၄၀ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာ(၁)လမ်း၊အမှတ်-၅၆၃တွင် နေထိုင်သော ကျွန်မ၏မိတ်ဆွေဖြစ်သူ ဦးစံလှိုင် ၁၂/အစန(နိုင်)၀၁၁၃၆၉သည်၎င်း၏သားသမီးများဖြစ်ကြသော ဒေါ်ခင်မျိုးဦး (၁၂/အစန(နိုင်)၂၁၅၁၀၇)နှင့် ဦးရဲမင်းဟိန်း(၁၂/အစန(နိုင်)၂၁၅၂၇၄)တို့သည် ၎င်း၏စကားအားနားမထောင်ဘဲ ကိုယ်စိတ်နှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍သားနှင့်သမီးအဖြစ်မှအမွေ ပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတို့နှစ်ဦးနှင့် ပတ်သက်သော ကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစံလှိုင်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာအောင် (LL.B,D.I.P.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၂၀၃)**
**အမှတ် ၂၅၊ ရွှေဥဒေါင်းလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉- ၉၅၁၅၂၅၈၈၁၊ ၀၉- ၆၈၈၁၃၁၁၈၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/83220, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မိုးမင်း ၉/အမရ(နိုင်)၁၉၁၄၆၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/88731, Honda Click- 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်လင်း ၉/ပသက(နိုင်)၀၇၉၂၉၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/59380, Mas Star-125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင် ၅/ဝလန(နိုင်)၀၇၉၃၁၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် TLR-2926၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/2510 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂-က၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၃လမ်း-၂၂)၊ ဧရိယာ (၀ဒသမ၁၁၀) ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၁၅၉/၂၀၀၃-၂၀၀၄အရ (၁၆-၁၁-၁၉၉၃)မှ (၁၅-၁၁-၂၀၂၃)ထိ ဦးခင်မောင်သန်းအမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက် အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာ သည့် (၁၇-၉-၂၀၂၅)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်း မျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၈၊ မြေကွက်အမှတ် ၁၇၄၊ ဧရိယာ(၀.၀၅၃)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၇၄)၊ ရွှေလီလမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးခင်ညို(KLN-၀၈၈၇၆၆) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးခင်ညို (KLN-၀၈၈၇၆၆) ခင်ပွန်းဖြစ်သူသည်( ၂၇-၄-၂၀၂၄)ရက်တွင် ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ဝင်း (၉/ပသက(နိုင်)၀၂၆၄၉၂မှ ဂရန်မူရင်း၊ သေစာရင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်သည့်အချိန်မှစ၍ အမည်ပေါက်ပိုင်ဆိုင်ကျန်ရစ်ခဲ့သည့် ဖော်ပြပါမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပြီး ခင်ပွန်းဖြစ်သူ ဦးခင်ညိုတွင် တရားဝင်ဇနီးမယားအဖြစ် ဒေါ်ခင်ဝင်း တစ်ဦးတည်းသာရှိကြောင်း အလုံခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၃၄၅/၂၀၂၅(၁၁-၆-၂၅) အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးမြတ်သူရ(CE-၀၅၉၃၅၆)၊ အထွေထွေကိုယ်စားလှယ်ပါဝါရရှိသူ-ဦးမျိုးသူရ BSN/W-၂၂၀၉၂၅)၊ ဦးနိန်းကျင့်လျှန် (TZN- ၀၀၁၇၃၅)၊ ဒေါ်ကျင်လွန်းကျိန် (၅/ကလသ(နိုင်)၀၄၀၃၆၈)တို့နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၂၉၊ အောင်သစ္စာလမ်း၊ မြေကွက်အမှတ်-၇၈၁နေသူ ကျွန်ုပ်၏မိတ်ဆွေဒေါ်ကျိန်အင်းမန်၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်းကြေညာအပ်ပါသည်-

- ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၂၉၊ အောင်သစ္စာလမ်း၊ မြေကွက်အမှတ် ၇၈၁ ဟုခေါ်တွင်သော အကျယ်အဝန်း (ပေ၄၀xပေ၆၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် ဦးမြတ်သူရအမည်ပေါက်မြေကွက်နှင့် နှစ်ထပ်တိုက်ဟောင်း အပါအဝင် အကျိုးခံစားခွင့်အားလုံး။
- ဦးနိန်းကျင့်လျှန်နှင့် ဒေါ်ကျင်လွန်းကျိန်တို့က ဦးမြတ်သူရ(CE-၀၅၉၃၅၆)နှင့် အထွေထွေကိုယ်စားလှယ်ပါဝါရရှိသူ- ဦး မျိုးသူရ BSN/W-၂၂၀၉၂၅တို့ထံမှ အထက်ပါနှစ်(၆၀)ဂရန် ဦးမြတ်သူရ အမည်ပေါက်မြေကွက်နှင့် နှစ်ထပ်တိုက်ဟောင်း အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို (၂၁-၁၀-၂၀၀၃) ရက်စွဲပါ မြေကွက်နှင့် နှစ်ထပ်တိုက်ဟောင်း အပြီးအပြတ် အရောင်းအဝယ်ကတိစာချုပ်”ဖြင့် အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။
- ဦးနိန်းကျင့်လျှန်နှင့် ဒေါ်ကျင်လွန်းကျိန်တို့က၎င်းတို့ဝယ်ယူပိုင်ဆိုင်သော အထက်ပါနှစ်(၆၀)ဂရန် ဦးမြတ်သူရအမည်ပေါက်မြေကွက်နှင့်နှစ်ထပ်တိုက်ဟောင်း အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျိန်အင်းမန် အား"(၂-၁-၂၀၁၀)ရက်စွဲဖြင့် မြေကွက်နှင့်နှစ်ထပ်တိုက်ဟောင်း အပြီးအပြတ်အရောင်းအဝယ်ကတိစာချုပ်”ကို အရပ်ကတိစာချုပ်ချုပ်ဆိုရောင်းချခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျိန်အင်းမန် ယနေ့တိုင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။
- ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေဒေါ်ကျိန်အင်းမန်မှ အထက်ပါ (၂၁-၁၀-၂၀၀၃) ရက်စွဲပါ ကတိစာချုပ်အပိုဒ်(၄)အရ အရောင်းအဝယ်ပြုခဲ့သည့် အထက်ပါ နှစ်(၆၀)ဂရန် ဦးမြတ်သူရအမည်ပေါက်မြေကွက်နှင့်နှစ်ထပ်တိုက်ဟောင်းကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် ဦးမြတ်သူရ(CE-၀၅၉၃၅၆)နှင့် အထွေထွေ ကိုယ်စားလှယ်ပါဝါရရှိသူ-ဦးမျိုးသူရ BSN/W-၂၂၀၉၂၅ တို့ကိုလည်းကောင်း၊
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ လမ်း(၁၁၀)၊ အမှတ်(၁၅)ဟုခေါ်တွင်သော မြေပေါ်ရှိ နှစ်ခန်းတွဲ(၆)ထပ်မှ တိုက်အား မျက်နှာမူလျှင် (ဘယ်)ဘက်ခြမ်း (၆)ထပ်၊ အကျယ်အဝန်းပေ ပေ(၁၅ပx၄၀)ရှိ တိုက်ခန်း(၁)ခန်းအား ဒေါ်မြင့်မြင့်မော် ၁၂/သဃက(နိုင်)၀၃၇၅၇၈ မှ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်အဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊**
**(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း- ၀၉-၉၄၆ ၅၄၂ ၂၆၂၊ ၀၉-၄၂၁၁၂၄၈၀၇**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးဝင်းကိုကို (ဘ)ဦးတင်ဦး ၁၂/ကမန(နိုင်)၁၀၄၃၉၆ နှင့် ဒေါ်ချိုသက်မာ (ဘ)ဦးကြည်ဝင်း ၁၂/ကခက(နိုင်)၀၈၈၃၈၈ တို့သည် ၂၁-၉-၂၀၂၅ ရက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် နောက်နောင် တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေးတစ်စုံတစ်ရာမျှ ပတ်သက်ဆက်နွှယ်ခြင်း အလျှင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်ချိုသက်မာ | ဒေါ်ယမင်းစန္ဒာမြတ်(LL.B)(D.B.L) |
| (ဘ) ဦးကြည်ဝင်း | အထက်တန်းရှေ့နေ(စဉ်-၅၂၄၉၀/၂၀၂၀) |
| ၁၂/ကခက(နိုင်) ၀၈၈၃၈၈ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ကွမ်းခြံကုန်းမြို့နယ်၊ | မန္တလေးတိုင်းဒေသကြီး |
| ရန်ကုန်တိုင်းဒေသကြီး | ဖုန်း-၀၉-၄၀၀၉၉၁၀၀၁ |

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ၊ အထကမှ ဒုတိယအလယ်တန်းပြဆရာမဒေါ်ခန့်ချောသူ ၁၄/ညတန(နိုင်)၁၄၄၉၁၄ ၏ ဖခင်ဦးလှကြည်(ခ)ဦးကျော်စိုးမှာ တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးလှကြည်(ခ)ဦးကျော်စိုး**

## တစ်ဦးတည်းဖြစ်ကြောင်း

ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ၊ အထကမှ ဒုတိယအလယ်တန်းပြဆရာမနော်ချစ်ချစ်ချော(ခ)ဒေါ်နော်ချစ်ချစ်ချော ၁၄/ညတန(နိုင်)၁၃၃၂၆၄ မှာ တစ်ဦးတည်းဖြစ် ကြောင်း။

**နော်ချစ်ချစ်ချော**
**၁၄/ညတန(နိုင်)၁၃၃၂၆၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ ကျောက်စိမ်းမြတ်ရတနာ(၂)လမ်း၊ အမှတ်(၃၁၉/ခ)၊ အကျယ်ပေ(၂၀x၆၀)ဖြစ်ပြီး ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ဆိုနမ်းမသီ ၁၂/ဒဂတ(နိုင်)၀၀၈၈၁၄ ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် နောက်ဆုံးတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းဝင်း ၁၂/ကခက(နိုင်)၀၀၀၀၅၉ မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမြင့် ၁၂/သဃက(နိုင်)၀၁၀၂၂၇ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် အထက်ဖော်ပြပါမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ သက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းနိုင် LL.B အထက်တန်းရှေ့နေ (စဉ်-၃၈၄၄၂)**
**ဖုန်း-၀၉-၉၅၅၇၂၀၆၆၉၊ ၀၉-၂၅၈၉၁၃၇၆၈**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခင်ဖုန်းနိုင် (ဘ)ဦးခင်မောင်အေး ၁၂/သဃက(နိုင်)၁၅၅၁၈၅ မှ ဦးရဲနိုင် (ဘ)ဦးဖိုးအေး ၅/ကလမ(နိုင်)၀၄၈၉၆၉ အား ၁-၉-၂၀၂၅ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ G.P (၂၉၈၆၄/၂၀၂၅/၁၅၈၁)ကို လွှဲအပ်ခဲ့ပြီး ၎င်း G.Pအား ဤကြေညာပါသည့်ရက်မှစ၍ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၉)**
**အမှတ်(၃၉၁)၊ တက္ကသိုလ်လာလမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ် (၈၀၃)၊ (၈၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၈၀၃)၊ အလျား (ပေ၄၀xအနံပေ၆၀)ရှိ ဒေါ်နော်ဆာဖော့အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်ဇင်ဝေ ၁၂/ဒဂတ(နိုင်)၀၄၃၃၆၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစံတင် ၁၁/ရဗန(နိုင်)၀၀၆၃၆၉ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင်(LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇာလီ (LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၄၂၁၁၃၈၀၉၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ်(၁၃/ခ)ရှိ ပေ(၂၀x၆၀) ဒေါ်လှတင် မြေချပါမစ် အမည်ပေါက် နေအိမ်နှင့်မြေအား ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၉)**
**အမှတ်(၃၉၁)၊ တက္ကသိုလ်လာလမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်နီနီအောင်ဌေး ၁၂/မဂဒ(နိုင်)၀၉၈၇၂၁ သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ဇောတိကလမ်း၊ မြေကွက်အမှတ်(၁၀၃၅/က)၊ ဦးလှမြင့် အမည်ပေါက် ပါမစ်မြေ ပေ(၂၀x၆၀) အား ဆက်စပ်စာချုပ်များဖြင့် ယနေ့ထိ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါမြေအား မည်သူတစ်ဦးတစ်ယောက်ထံ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ ရောင်းချထားခြင်းမရှိဘဲ ယနေ့ချိန်ထိ တရားဝင်လက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၉)**
**အမှတ်(၃၉၁)၊ တက္ကသိုလ်လာလမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် နိုင်ငံခြား စက္ကူဖြူ [(27" x 34")၊ (70 gsm)၊ ရွက်ရေ (၅၀၀) ပါ] ၃၀၀၀ ထုပ်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - ရုံးဖွင့်ရက် ၂၃-၉-၂၀၂၅ ရက်မှ ၁၀-၁၀-၂၀၂၅ရက်ထိ |
| **တင်ဒါပုံစံ တင်သွင်းရမည့်ရက်** | - ရုံးဖွင့်ရက် ၂၃-၉-၂၀၂၅ရက်မှ ၁၀-၁၀-၂၀၂၅ရက်ထိ |
| **တင်ဒါပုံစံရောင်းချမည့် အချိန်** | - ရုံးဖွင့်ရက်(၁၀:၀၀)နာရီမှ(၁၆:၀၀)နာရီထိ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော်တွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၀၁၆၈ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊နည်းဥပဒေ-၂၂)
## မြဝတီခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၈ နှင့်ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၅

ဦးကြည်လွင် **နှင့်** ၁။ ဦးကျော်မင်းထိုက်
၂။ ဒေါ်အေးအေးခိုင်

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ခြံအမှတ်(၁)၊ တော်ဝင်နှင်းဆီလမ်းနေ ဦးကျော်မင်းထိုက်ပါ(၂)ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးကြည်လွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် (၁၃၈၇ခုနှစ်၊ သတင်းကျွတ်လဆုတ် ၂ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမြင့်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်နေ ဒေါ်သဉ္ဇာစိုးနိုင်(ဘ) ဦးစိုးဝင်း ၁၂/ဒဂမ(နိုင်)၀၁၅၇၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်သဉ္ဇာစိုးနိုင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကိုဖြစ်စေ၊ ဒေါ်သဉ္ဇာစိုးနိုင်နှင့် မိသားစုဝင်းများကိုဖြစ်စေ လူမှုဆက်သွယ်ရေးကွန်ရက်များဖြစ်သည့် (Facebook / TikTok / Messenger) စသည်တို့တွင် ဂုဏ်သရေထိခိုက်ညှိုးနွမ်းစေရန်၊ လုပ်ငန်းကိစ္စများ ထိခိုက်နစ်နာစေရန်၊ အများသူငှာ ထင်ယောင်ထင်မှားဖြစ်စေရန် စာများရေးသားဖြန့်ဝေခြင်းနှင့် ပြောဆိုခြင်းတို့အား လုံးဝမပြုလုပ်ပါရန်နှင့် အထက်ပါကိစ္စရပ်များ ပြုလုပ်သူ၊ ပါဝင်ပတ်သက်သူ မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဉ္ဇာစိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်စော(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၂၈/၂၀၁၇)**
**အမှတ်(၂/၅၂)၊ ဘောဂဝတီရပ်ကွက်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၄၂၀၇၁၈၄၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၂၈၅၀၄, Honda Click- 125 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထက်ဖြိုး ၉/ခမစ(နိုင်) ၁၀၉၅၆၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/79137, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မျိုးဦး ၁၄/ဇလန(နိုင်)၁၁၈၁၁၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၂၂၃ )၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးမြင့်လွင်(ဘ)ဦးထွန်းဆိုင် ၁၄/မမန(နိုင်)၀၀၂၆၀၇ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးမြင့်လွင် မှ ဦးဇော်လင်းမောင်(ဘ)ဦးမောင်လေး ၉/မထလ(နိုင်)၁၇၉၃၆၁ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟားခါးမြို့
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက်
## တင်ဒါအမှတ်စဉ် (၂/ ၂၀၂၅)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တီးတိန်ခရိုင်စုပေါင်းရုံးတည်ဆောက်ခြင်း (၁၃၆x၈၇x၄၆)ပေ အဆောက်အအုံ၏ တတိယထပ်အမိုး Slab လောင်းခြင်း၊ မြေညီထပ်နှင့် ပထမထပ်အုတ်စီခြင်းလုပ်ငန်း အပါအဝင် (၅၀%)လျာထားခြင်းလုပ်ငန်းအား လုပ်ငန်းတင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများဝယ်ယူတင်သွင်းနိုင်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်-

၂။
(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက်/အချိန်** - ၂၃-၉-၂၀၂၅ရက်၊ နံနက်(၉:၃၀)နာရီမှညနေ(၄:၀၀)နာရီ
**နေရာ** - လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ချင်းပြည်နယ်၊ ဟားခါးမြို့

(ခ) **တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် ရက်/အချိန်** - ၆-၁၀-၂၀၂၅ ရက်၊ ညနေ(၄:၀၀)နာရီ

(ဂ) Pre-bid Meeting ကျင်းပမည့် ရက်/အချိန် - ၇-၁၀-၂၀၂၅ ရက်၊ ညနေ(၃:၃၀)နာရီ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး (အလယ်ထပ်)

(ဃ) **PO Cheque ပေးသွင်းရမည့်နောက်ဆုံးရက်** - ၈-၁၀-၂၀၂၅ရက်၊ ညနေ(၄:၀၀)နာရီ

(င) **စာအိတ်(A နှင့် B) နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၈-၁၀-၂၀၂၅ ရက်၊ ညနေ(၄:၀၀)နာရီ

(စ) **တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ** - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဟားခါးမြို့၏ ဖုန်း-၀၉-၄၂၉၈၆၈၇၇၂၊ ၀၉-၃၄၆၁၈၉၇၆၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းကွက်သစ်၊ ခရေလမ်း၊ အမှတ် (၁၆)ဟုခေါ်တွင် သော အလျား (၄၀)ပေ x အနံ (၁၅)ပေရှိ ခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ထပ်တိုက်အပါ အဝင် ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သီသီမာ ၁၂/မဂဒ(နိုင်)၀၄၆၀၆၁ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ အရောင်းတန်ဖိုး၏ ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ တိကျခိုင်လုံသောတရားဝင်စာရွက်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမင်း (L.L.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၁၀)**
**အမှတ်(၇၃၄)၊ ဗိုလ်တေဇလမ်း၊ ဆယ်မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း - ၀၉ - ၂၆၇၀၁၇၀၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃-ဇေယျာသီရိ)၊ မြေကွက် အမှတ် (၄၃၉)၊ အကျယ်အဝန်းအလျား ၂၅ပေx အနံ ၅၀ ပေ၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက နှစ်(၆၀) ဂရန်မြေကွက် ဦးသန်းဝင်း ၁၂/မဂတ(နိုင်)၀၄၇၇၁၃ အမည်ပေါက်မြေကွက်ကို အမည်ပေါက်သူကိုယ်တိုင် ဦးသန်းဝင်းမှ မိမိတစ်ဦးတည်းလက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းအပြီးအပိုင် ပေးကမ်းခွင့်ရှိကြောင်းဝန်ခံကတိပြု၍ မိမိ၏ ညီမအရင်းဖြစ်သူ ဒေါ်အေးမြတ်မော် ၁၄/မမန (နိုင်)၀၀၃၇၃၃အားမေတ္တာဖြင့် အပိုင်ပေးစာချုပ်ချုပ်ဆိုမည်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်လာရောက်ကန့်ကွက်မှုမရှိပါက အပိုင်ပေးစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးညီညွှေးနိုင် (LL.B.Q) အထက်တန်းရှေ့နေ(စဉ်-၂၁၁၃၆)**
**အမှတ်-၃၈၅၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၃၂၅၇၀**

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ၊ အထက Grade-10 မှ မနွယ်နွယ်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးအုံးကြိုင် ၁၄/ညတန(နိုင်) ၀၃၆၇၅၁ ဖြစ်ပါကြောင်း။

**ဦးအုံးကြိုင်**

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ၊ အထက Grade-11 မှ နော်သန္တာခိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဇော် ၁၄/ညတန(နိုင်) ၁၁၁၉၃၁ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဇော်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၆)၊ လူနေရပ်ကွက်အမှတ်(၁၈)၊ အနော်မာလမ်း၊ အမှတ်(၈၇၆/ခ)ရှိ မြေပေ(၂၀x၆၀)မှ မခွဲစိတ်ရသေးသော ခြေရင်းခြမ်း ပေ(၁၀x၆၀)ပေ မြေနှင့်အကျိုးခံစားခွင့်အရပ်အား ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၉)**
**အမှတ်(၃၉၁)၊ တက္ကသိုလ်လာလမ်း၊(၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

## Facebook Page အတုအပသတိပြုပါရန် အသိပေးကြေညာခြင်း

Ma Ma Collection အမည်အမှတ်အသားဖြင့် အသုံးပြု လျက်ရှိသော Facebook Page ၏ပိုင်ရှင် ဖြစ်သူ ဦးညိုမင်းခန့် (၁၂/တမန(နိုင်)၁၂၇၃၀၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ အမည်နှင့်အမှတ်တံဆိပ် အမှတ်အသားကို မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်မြွက်ဟကြေညာထားပြီးဖြစ်ပါသည်။ Facebook တွင်လည်း စီးပွားရေးအလို့ငှာ အသုံးပြုရန်အတွက် Ma Ma Collection အမည်ဖြင့် သက်ဆိုင်ရာဌာနတွင် ခွင့်ပြုလိုင်စင် ပြုလုပ်ရရှိထားပြီးဖြစ်ပါသည်။

ယခုအခါ Ma Ma Collection Page ရှိ အချက်အလက်နှင့် ပုံများအား ကူးယူ၍ Page အတုပြုလုပ်ကာ Facebook တွင် အများပြည်သူများထံမှ ငွေကြေးလိမ်လည်ရယူနေကြောင်း ဝယ်ယူသူများ၏ ပြောပြချက်အရ Page အတုသုံးစွဲနေသည်ကိုတွေ့ရှိရပါသောကြောင့် ဆက်သွယ်ရေးဥပဒေနှင့်အညီ အရေးယူရန် ဆောင်ရွက်လျက်ရှိပါသည်။

Ma Ma Collection Page မှ အသုံးပြုလျက်ရှိသော MMQR သည် Nyo Min Khant 09-5419268 တစ်ခုတည်းသာဖြစ်ပြီး အခြားအမည်နှင့် ဖုန်းနံပါတ်တို့အား သုံးစွဲခြင်းလုံးဝမရှိပါ။

သို့ဖြစ်ပါ၍ ဝယ်ယူသူများအနေဖြင့် အထက်ဖော်ပြပါ MMQR မှလွဲ၍ အခြားအတုအပပြုလုပ်၍ ငွေတောင်းခံနေသူများအား လုံးဝငွေလွှဲခြင်းမပြုလုပ်ပါရန်နှင့် အတုအပပြုလုပ်၍ ငွေကြေးလိမ်လည်နေသူများအား ထိရောက်စွာ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Ma Ma Collection Page အား အတုအပမပြုလုပ်ပါရန်နှင့် Page အတုအားသတိပြုရှောင်ကျဉ်နိုင်ရန်အတွက် အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**Ma Ma Collection Page ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းမွန်မွန်သူ(စဉ်-၉၉၄၆)** **ဦးကျော်မျိုးသူ(စဉ်-၁၁၃၅၃)**
**ဒေါ်ပန်းအိမွေး (စဉ်-၁၅၂၃၂)** **ဦးဇော်ထက်ဝင်း(စဉ်-၉၆၅၃)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးသိန်းဇော်ထွန်း(စဉ်-၅၄၇၅၀)** **ဦးအောင်သက်နိုင်(စဉ်-၅၄၇၈၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၇)၊ စန္ဒကူးလမ်းနှင့် ကမာကြည်လမ်းထောင့်၊ သုဝဏ္ဏ/၃၀ ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ(၂)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၂၆၀၆၀၉၂၇၂၊ ၀၉-၇၇၇၇၇၃၈၃၉**

## တစ်ဦးတည်းဖြစ်ကြောင်း

ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ၊ အထကမှ အထက်တန်းပြဆရာမ နော်နုနုရီ ၁၄/ညတန(နိုင်) ၀၀၈၁၉၄ နှင့် ဒေါ်နော်နုနုရီတို့သည် တစ်ဦးတည်းဖြစ်ကြောင်း။

**နော်နုနုရီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ၊ အထကမှ အထက်တန်းပြဆရာမ နော်စုစုမာ ၁၄/မအပ(နိုင်) ၁၆၂၉၇၄ (ခ) ဒေါ်နော်စုစုမာ မှာ တစ်ဦးတည်း ဖြစ်ကြောင်း၊ ဖခင် ဦးစန်းတင့် (ခ) ဦးစောစန်းတင့်မှာလည်း တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးစန်းတင့်(ခ)ဦးစောစန်းတင့်**

## တစ်ဦးတည်းဖြစ်ကြောင်း

ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ၊ အထကမှ အကြီးတန်းစာရေး ဒေါ်ဆုမြတ်မွန် ၁၄/ညတန(နိုင်)၁၄၈၈၀၆၏ ဖခင်အမည်မှာ ဦးစောတင့်ဆွေ (ခ) ဦးတင့်ဆွေမှာ တစ်ဦးတည်းဖြစ်ကြောင်း။

**ဒေါ်ဆုမြတ်မွန်**

## တစ်ဦးတည်းဖြစ်ကြောင်း

ညောင်တုန်းမြို့နယ်၊ ရွာသာအေးရွာ၊ အလကခွဲမှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်မျိုးခက်စိမ်းနှင့် ဒေါ်မျိုးခက်ခက်စိမ်း ၁၄/ညတန(နိုင်)၁၈၇၆၂၉ မှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဖခင်အမည်မှာ ဦးလေးခိုင်နှင့် ဦးအေးမြင့်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မျိုးခက်စိမ်း**

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ၊ အထက Grade-10 မှ မအိအိထွေး၏ ဖခင်အမည်မှန်မှာ ဦးကျော်အုန်း ၁၄/ညတန(နိုင်) ၀၄၆၆၅၃ ဖြစ်ပါကြောင်း။

**ဦးကျော်အုန်း**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 23U/5734 Bajaj RE200(200CC)3, Wheel,Vehicle (Passeger)(3x1)ယာဉ်လက်ဝယ်ရှိသူ Precision Auto Co.,Ltdက (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 64W/48829 Adixin 125 ယာဉ်လက်ဝယ်ရှိသူ Three Tiger Co.,Ltd က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/66860 Honda 110 ယာဉ်လက်ဝယ်ရှိသူ Yin Min San Co.,Ltd က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/87113 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၉/သစန(နိုင်)၀၀၄၃၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/65625 New Zhineng 125 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltdက (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအ ထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/92041 Haojue 110 ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltdက(ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက် ပါရန်။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**မရမ်းကုန်းခရိုင်တရားရုံးတော်၌**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၂၁ နှင့်ဆက်နွယ်သည်။**

**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၃**

မြန်မာ့ရွှေ့ဆောင် နှင့် ၁။ ဦးဝင်းလှိုင်

ဘဏ်လီမိတက် ၂။ ဦးညီညီလတ်

(မြောက်ဥက္ကလာပဘဏ်ခွဲ) ၃။ ဦးသန်းအောင်စိုး

(၎င်းကိုယ်စား ဦးအောင်ဇော်ဖြိုး)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ တလုတ္တော်မြို့၊ တလုတ္တော်ကျေးရွာအုပ်စု၊ အင်္ဂဝါကျေးရွာ၊ အမှတ်(၅)ရပ်ကွက်နေ (၁)တရားရှုံး ဦးဝင်းလှိုင် (ယခုနေရပ်လိပ်စာမသိသူ)နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ တလုတ္တော်မြို့၊ နိဗ္ဗာန်ကျေးရွာအုပ်စု၊ လေးပစ်ကုန်းကျေးရွာနေ (၃)တရားရှုံး ဦးသန်းအောင်စိုး (ယခုနေရပ်လိပ်စာ မသိသူ) တို့သိစေရမည်။

မရမ်းကုန်းခရိုင်တရားရုံး၏ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၉၂၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မြန်မာ့ရွှေ့ဆောင်ဘဏ်လီမိတက်က လျှောက်ထားသည်ဖြစ်၍၊ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်၊ ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်စေ။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီညီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကြို့ပင်ကျေးရွာနေ ဟုမ္မလင်းဒီဂရီကောလိပ် Final year (ပထဝီဝင်မေဂျာ) မှ မောင်ကျော်မျိုးအောင် ၅/ ဟမလ(နိုင်)၁၇၉၉၃၂ နှင့် အောက်တောင်ပေါ် အ-ထ-ကကျောင်းမှ မောင်ဟိန်းကျော်G-12၊ ကြို့ပင်ကျေးရွာ အထက(ခွဲ)ကျောင်းမှ မဖွေးသဇင်မြင့် G-10၊ မမွှေးမွှေး G-6 တို့၏ ဖခင် ဦးကျော်ဆန်း၏ အမည်မှန်မှာ ဦးနော်ဆန်း ၁/ဗမန(နိုင်)၀၄၈၃၇၂ ဖြစ်ပါကြောင်း။

**ဦးနော်ဆန်း ၁/ဗမန(နိုင်)၀၄၈၃၇၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၄)တိုးချဲ့ရပ်ကွက်၊ အောင်သိဒ္ဓိ(၂)လမ်း၊ အိမ်ရာမြေကွက်အမှတ် (ခဖ-၁၅) ဟုခေါ်တွင်သော ပေ(၄၀x၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးချစ်ဝင်း ၁၃/တခလ(နိုင်)၀၁၉၁၁၄ နှင့် ဦးကြီးမြင့် ၁၂/ဥကမ (နိုင်)၁၁၂၄၂၀ တို့က ၎င်းတို့မှာ အထက်ပါမြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ပြီး အရှုပ်အရှင်းကင်း၍ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းခင်စိုး ၁၃/မကန(နိုင်)၀၆၂၈၄၄ မှ ဝယ်ယူရန် သဘောတူညီပြီး ငွေအပြည့်အဝ ပေးချေ၍မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ရယူထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုမြေကွက်အား ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ယနေ့မှစ၍ (၁၀)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ဖြစ်စေ၊ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစိုင်းခင်စိုး**
**၁၃/မကန(နိုင်)၀၆၂၈၄၄**
**ဖုန်း-၀၉-၈၉၁၄၅၂၁၉၇**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိုးသီဟ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၇၉)**
**အမှတ်(၁/၆၃)၊ ကြို့ပင်ကုန်းလမ်း၊ (၁) ရပ်ကွက်၊**
**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉-၄၂၀၂၃၃၁၄၉**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည် မတောက်တန်းရပ်၊ ဦးပိုင် အမှတ်(၇၂)၊ မြေကွက်အမှတ်(၁၀၃)၊ ဧရိယာ ၀ ဒသမ ၁၀၀၉ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - အာဇာနည်လမ်း (ခ)အနောက်လားသော်- ဦးပိုင်အမှတ်(၈၄)

(ဂ) တောင်လားသော်-လမ်းကြားမြေ (ဃ)မြောက်လားသော်- လမ်းကြားမြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန်၊ စောစပရိန်း+ နော်ခူတို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၄ ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ သောင်လေးပင်မြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/8701 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/4782 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ မီးသတ်ကန်လမ်း၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ် (၁၆/၂)၊ မြေကွက်အမှတ်(ခ/၅၂၄)၊ ဧရိယာ ၀ ဒသမ ၀၄၄၊ ဂရန်အမှုတွဲအမှတ်-RPNO-၁၂၀/V/၂၀၁၄-၁၅အရ ဗိုလ်မှူးမောင်မောင်ဌေး(ငြိမ်း)အမည်ပေါက်၊ ဦးပိုင် အမှတ်(၁၆)၊ မြေကွက်အမှတ်(ခ/၅၂၃)၊ ဧရိယာ ၀ ဒသမ ၀၁၁ ဧက၊ ဗကတင်မြင့် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စန်းစန်းရီ(ခ)စိုးစိုးသင်း ၁၂/ပဘတ(နိုင်)၀၀၉၉၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝီဝေကူးမား ၉/ခအဇ(နိုင်)၀၁၁၀၉၅ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည် (LL.B, D.B.L, D.I.P.L) (စဉ်-၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)အိသဥ္စာအောင် (LL.B, D.I.P.L)(စဉ်-၁၈၇၂၆)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သာသနာ့ဗျူဟာလမ်းသွယ်၊ အကွက်အမှတ် (၂၅၊ ဗိုလ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ် (ခ/၂၅/၃၇)၊ မြေကွက်အမှတ် (ထ/၁၄၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ ဂရန်အမှုတွဲ အမှတ် RPNO-၃၃၄/V/၉၀-၉၁အရ တပ်ကြပ်ကြီးစိုးမြင့်အမည်ပေါက်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးခင်ဝင်း ၁၀/ရမန(နိုင်)၂၂၉၈၉၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အိပိုးဖြူ ၁၂/သကတ(နိုင်)၁၆၅၀၈၂ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည် (LL.B, D.B.L, D.I.P.L)(စဉ်-၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)အိသဥ္စာအောင် (LL.B, D.I.P.L)(စဉ်-၁၈၇၂၆)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/အေ)၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ မြေကွက်အမှတ်(၅၁/၆-၁၂)ဟုခေါ်တွင်သည့် မြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၂၄/ဂ)၊ (၂)ခန်းတွဲ(၂)ထပ် RC အဆောက်အအုံ မှ ပထမထပ်(ဝဲဘက်ခြမ်း) (ဟောင်ကောင်-၂လွှာ)၊ အခန်းအကျယ်အဝန်း (၁၅x၅၅)ပေ၊ အမြင့် (၂၃)ပေခန့်ရှိ တိုက်ခန်း(၁)ခန်း နှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံး အပါအဝင် အဆိုပါတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ မြေပိုင်ရှင်များဖြစ်ကြသော ဦးမြင့်သန်း ၁၂/ဒဂန(နိုင်) ၀၀၄၇၈၃၊ ဦးဆန်နီမြင့် ၁၂/ဒဂန(နိုင်)၀၀၅၂၈၄၊ ဦးစန်းမြင့် ၁၂/ဒဂန(နိုင်)၀၀၅၂၅၉၊ ဒေါ်သန္တာမြင့် ၁၂/ဒဂန(နိုင်)၀၁၆၇၂၃နှင့် ဦးမျိုးသန်းမြင့် ၁၂/ဒဂန(နိုင်)၀၀၅၂၉၂ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဦးနိုင်ဝင်းရှိန် (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၂၉)**

**ဒေါ်ခင်ခင်ဝါ (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၂၈)**

**အမှတ်(၆၅၆/က)၊ ရွှေအုတ်ဂူ(၆)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၄၂၀၂၆၀၅၅၉၊ ၀၉-၄၄၄၃၉၂၈၂၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့ဒွန်း ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်(၃/၂၄)၊ ကွင်း/အကွက်အမှတ်(၄၆၃)၊ ကွန်ခရမ်း အနောက်ကွင်း၊ မြေအမျိုးအစား(လယ်)၊ ခွင့်ပြုစာအမှတ် (၁၃၈/လယ-၄)၊ (လယ်စီ ၂၀၁၅)၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၃၉ ဧကရှိ လယ်ယာမြေကွက်နှင့် ယင်းလယ်ယာ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကွမ်းခြံကုန်း မြို့နယ်မြေစာရင်းရုံးတွင် ဦးချစ်သိန်း ၁၂/ကခက(နိုင်)၀၃၄၁၉၈ အမည်ဖြင့် ပုံစံ(၇)၊ (၁၀၅)ထွက်ရှိထားပြီး အမည်ပေါက်ထံမှ ဦးဇော်ဝင်း ၁၂/ဒလန(နိုင်) ၀၂၁၁၇၈ မှ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဖြစ်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ဖုန်းစံ ၁၂/လမတ(နိုင်)၀၃၇၀၆၄ ထံသို့ စကား ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဖုန်းစံက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင် သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှမြတ်ကျော် (LL.B)(စဉ်-၁၁၆၈၈)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်လွဲ့လွဲ့မွန် (LL.B)(စဉ်-၁၈၇၉၆)** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၁၀၆၆/ခ)၊ (၆)လွှာ၊ ရှင်သိဒ္ဓတ်(၁၃)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၁၁၁၉၈၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်-လေးဒေါင့်ကန်၊ မြေကွက်အမှတ်-၇၄၊ အဆောက်အအုံ အမှတ်(၉၀)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ အခန်းအမှတ်-၃/အေ၊ (၄)လွှာ (တိုက်မျက်နှာမူလျှင်ညာဘက်ခြမ်း)၊ အကျယ် အဝန်း (အလျား ၁၂ $\frac{၁}{၂}$ ပေxအနံ ပေ၅၀)ရှိ တိုက်ခန်း (၁)ခန်းနှင့် ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့အား ရောင်းချခွင့်ရှိသည်ဟုဆိုသူ ဒေါ်အိရွှေဇင်ဝင်း ၁၂/ဗဟန(နိုင်) ၀၈၇၁၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြသန်း ၁၄/ဟသတ(နိုင်)၀၈၃၈၀၁ က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ယခုရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးမြသန်း**
**၁၄/ဟသတ(နိုင်)၀၈၃၈၀၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မျိုးထက်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၃၈)**

**အမှတ်-၂၀၄/က၊ မြင်သာ(၄)လမ်း၊ (၁၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၂၀၅၄၄၅၅**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက-ရွာရှည်၊ Grade-12မှ မောင်ကျော်ဖြိုးသူ၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦး ၉/ဝတန (နိုင်)၁၃၃၇၂၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ အထက (ကေတု)မှ (ဘ)ဦးလှဖေ၏သမီး အထက်တန်းပြဆရာမ ဒေါ်စန်းစန်းမိုး (ခ)ဒေါ်စမ်းစမ်းမိုး ၇/တငန(နိုင်) ၀၆၅၁၂၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းမိုး(ခ)ဒေါ်စမ်းစမ်းမိုး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အလိမ္မာပညာကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade 12 မှ မောင်သီဟအောင်၏ ဖခင်အမည်မှန်မှာ ဦးထွေး၇/ပတတ(နိုင်)၀၅၉၉၀၉ ဖြစ်ပါကြောင်း။

**ဦးထွေး ၇/ပတတ(နိုင်)၀၅၉၉၀၉**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက ရွာရှည် Grade-12မှ မလဲ့ရည်ထွေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်ညွန့် ၉/ဝတန(နိုင်) ၂၁၃၅၉၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကြည်အောင်၏သမီး မင်္ဂလာဒုံ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လွင်လွင်အောင် (ခ)ဒေါ်ဝေလွင်လွင်အောင် ၇/ပခတ (နိုင်)၀၄၈၀၃၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9033 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -7D ၊ မြေကွက်အမှတ် - (၁၀၂)၊ ဧရိယာ-၀ ဒသမ ၀၂၈ ဧက၊မြေကွက်တည်နေရာ-အမှတ်(၈)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ (၇)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊ ဒေါ်ခင်ခင်ချို ၁၂/မဂတ(နိုင်)၀၁၂၈၈၈၊ ဒေါ်တိုး ၁၂/ပဇတ(နိုင်)၀၀၉၇၃၅ အမည်ပေါက်နှစ်(၉၀)မြေငှားဂရန်(ဂရန်သက်ကုန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တိုး ၁၂/ပဇတ(နိုင်)၀၀၉၇၃၅ (အပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ကိတ္တိမအမွေစားအမွေခံသားအဖြစ် မွေးစားခြင်းမှတ်ပုံတင်စာချုပ် အမှတ်-၁၉၄၈/၁၉၉၉(၁၅-၆-၁၉၉၉) ဖြင့် အမွေစားအမွေခံသားဖြစ်သူ ဦးစိုးလွင် ၁၂/ပဇတ(နိုင်)၀၂၈၆၄၁ နှင့် ကျန်ပူးတွဲအမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ခင်ချိုတို့မှ ပူးတွဲ၍ မွေးစားမိခင်ဖြစ်သူ ဒေါ်တိုးသည် ၂၇-၁၂-၂၀၁၅ ရက်တွင် အိမ်ထောင်မရှိ အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် မွေးစားမိခင်ဖြစ်သူဒေါ်တိုးပိုင်ဆိုင်ခွင့်ရှိသော အစုကို ပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မွေးစားမိခင်ဒေါ်တိုးနှင့် ဒေါ်ခင်ခင်ချိုတို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ထားသော နှစ်(၉၀)ဂရန်မူရင်းမှာ အိမ်အပြောင်း အရွှေ့ကြောင့် ရှာဖွေမတွေ့ရှိတော့ဘဲ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ ပုဇွန်တောင်မြို့မရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာကိုယ်တိုင် ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကိတ္တိမအမွေစားအမွေခံသားအဖြစ်မွေး စားခြင်းမှတ်ပုံတင်စာချုပ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဒေါ်တိုး၏သေဆုံးမှု လက်မှတ်တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ် ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြ နှင့် မြေယာစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(တောင်) ရပ်ကွက်၊ ဂန္ဓာမာလမ်း၊ ၄-လွှာ(အေ)၊ ခေါင်းရင်းခန်း၊ အမှတ်(၆၇)၊ အဆောက် အအုံတွင်ရှိသော အကျယ်အဝန်း ပေ(၁၂ $\frac{၁}{၂}$ x၅၀)ရှိတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်ထားသူ၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဟုဆိုသော ဒေါ်ခင်ခင်ဦး ၁၂/လသန(ဧည့်)၀၀၀၀၃၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို တရားဝင်ဆက်လက်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ညိမ်းညိမ်းမြင့် (LL.B) (D.B.L) ၊ အထက်တန်းရှေ့နေ(စဉ်-၃၂၈၄၂)**
**အမှတ်(၁၂)၊ ၃/၄လွှာ၊ သုခမိန်လမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ဖုန်း – ၀၉-၅၁၈၂၃၉၅၊ ၀၉-၄၂၇၇၈၈၄၆၂၊ ၀၉-၇၈၇၈၇၈၁၀၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၁၁) လမ်း၊ အမှတ်(G/၁၆၀)ဟုခေါ်တွင်သော သက်ဆိုင်ရာဌာနတွင် ဦးစိန်ဌေးအမည်ဖြင့် စလစ်ပြေစာအမည်ပေါက်ပေ(၄၀x၆၀) အကျယ်ရှိခြံမြေအနက်မှ မြောက်ဘက်ခြမ်း ပေ(၂၀x၆၀)အကျယ်ရှိမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်တစ်လုံးနှင့် ရေမီး အစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင်ရောင်းချခွင့်ရှိသူဟု ဝန်ခံသူ ဒေါ်ခင်ချိုဆက် ၁၂/သကတ(နိုင်)၁၅၁၅၅၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၇၉၉၄၂၃၇၉၅၊ ၀၉-၄၃၀၇၃၄၂၆**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ တိုက်အမှတ်(A3)၊ Zone (A) အဆောက်အအုံ၏ တိုက်ခန်းအမှတ်(706)၊ ဧရိယာ ၉၀၅ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်၎င်းကွန်ဒို တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဇင်ဝေမြင့် ၁၂/ကတတ (နိုင်)၀၂၆၃၅၄ ထံမှ ကျွန်မဒေါ်ခင်ဆွေရီ ၁၂/ကမရ(နိုင်)၀၅၀၅၆၇ က အပြီးအပြတ် ဝယ်ယူရန်အတွက်ပေးချေရန်ငွေအားလုံးကိုအပြည့်အဝပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေရီ**
**အမှတ်(၁၀၀၀/D)၊ ရွှေနှင်းဆီ(၅)လမ်း၊ ၉မိုင်၊ မရမ်းကုန်းမြို့နယ်၊**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/98411 Honda Wave Alpha 110 ယာဉ်လက်ဝယ်ရှိသူ CP Motor Myanmar Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 21W/97195 Genubo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်သန်း(ခ)ဒေါ်အုန်းမြင့် ၁၄/ကပန(နိုင်)၀၁၆၄၉၅ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

❖ မြန်မာနိုင်ငံ၏နိုင်ငံအရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ် ...

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၅) တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အာရှဖလား ဖူဆယ်ခြေစစ်ပွဲ မြန်မာအသင်း မော်လ်ဒိုက်ကို ဂိုးပြတ်သွင်းယူ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စု(H) ဒုတိယနေ့ကို စက်တင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ပြုလုပ်ရာ မြန်မာအသင်းက မော်လ်ဒိုက်အသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလားခြေစစ်ပွဲ အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့သဖြင့် ကျေနပ်စရာကောင်းသော်လည်း မော်လ်ဒိုက်ကို သုံးဂိုးအထိ ပေးခဲ့ရသဖြင့် လိုအပ်ချက်များရှိနေဆဲဖြစ်ပြီး အာဖဂန်နစ္စတန်နှင့် နောက်ဆုံးပွဲတွင် ယခုထက်ပိုမိုကောင်းမွန်သည့် ခြေစွမ်းပြသနိုင်ရန် လိုအပ်နေသည်။ သုံးသင်းပါဝင်သည့် အုပ်စုတွင် ကျရောက်နေခြင်းနှင့် ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ မြန်မာအသင်းအနေဖြင့် တစ်ပွဲနိုင်ရုံဖြင့် ခြေစစ်ပွဲအောင်မြင်ရန်

စာမျက်နှာ ၉ ကော်လံ ၃ ❖




## ကမ္ဘာ့စက်ရုပ်ပြိုင်ပွဲတွင် AI အသုံးပြု ရှာဖွေကယ်ဆယ်ရေး စက်ရုပ်ကားတီထွင်ခဲ့သော မြန်မာကလေးငယ်အဖွဲ့ ပထမဆုရ

ရန်ကုန် စက်တင်ဘာ ၂၂

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိကျင်းပခဲ့သော ကမ္ဘာ့စက်ရုပ်အိုလံပစ် အာရှပစိဖိတ်ပြိုင်ပွဲ (World Robot Olympiad Asia Pacific Open Championship) တွင် မြန်မာ We Are Genius MYANMAR အသင်းသည် AI အသုံးပြု ရှာဖွေကယ်ဆယ်ရေးစက်ရုပ်ကားဖြင့် ပထမဆုရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၉ ကော်လံ ၃ ❏

## ဘာစီလိုနာက ဂီတာဖေးကို အနိုင်ယူပြီး ရီးရဲမက်ဒရစ်ကို ဖိအားပေးနေ

စပိန်လာလီဂါပွဲစဉ် (၅)မှ စက်တင်ဘာ ၂၂ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး ဘာစီလိုနာနှင့် ဂီတာဖေးအသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ်အနိုင်ရရှိပြီး ဦးဆောင်သူ ရီးရဲမက်ဒရစ်အသင်းကို ထက်ကြပ်မကွာ ဖိအားပေးနိုင်ခဲ့သည်။

ဂီတာဖေးအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် သုံးပွဲတွင် ရှုံးပွဲ နှစ်ပွဲရှိလာပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် ဂီတာဖေးအသင်းကို ပွဲချိန်တစ်လျှောက် တစ်ဖက်သတ် ဖိအားပေးကစားကာ ဂိုးရရှိနိုင်သည့်အခွင့်အရေး ငါးကြိမ်ထက်မနည်း ဖန်တီးနိုင်ခဲ့သည်။

ဂီတာဖေးအသင်းသည် ပထမပိုင်းပွဲချိန်တွင် ဘာစီလိုနာအသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှုပင် ပြုလုပ်ထားနိုင်ခြင်းမရှိသည်အထိ ခြေစွမ်းကျဆင်းခဲ့သည်။ စာမျက်နှာ ၁၉ ကော်လံ ၃ ❍


## တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကျွန်းစုများကို ဖြတ်ကျော်ခဲ့သော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" (RAGASA) သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဖိလစ်ပိုင်ပင်လယ်ပြင် အနောက်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် တောင်တရုတ်ပင်လယ်ပြင်သို့ ရောက်ရှိနိုင်ကာ စက်တင်ဘာ ၂၄ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများမှတစ်ဆင့် စက်တင်ဘာ ၂၅ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ




**ယနေ့ သတင်းအညွှန်း**

ပွင့်လင်းရာသီရောက်ပြီဖြစ်၍ ဝါးနက်ဆင်စခန်းသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားလာ

ပြည်တွင်းသတင်း စာ ၁၃

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

ပြည်တွင်းသတင်း စာ ၁၅